ကြေးမုံ
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 5 September 2020 ၁၀၁၂၆

# အာဆီယံ၏ပုံရိပ်ကို မြှင့်တင်ရာတွင်လည်းကောင်း၊ အာဆီယံပြည်သူများအကြား ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်ရာတွင်လည်းကောင်း အာဆီယံသံရုံးများ၏ အရေးပါမှုကို အသိအမှတ်ပြုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၅၃)ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံတွေ့ဆုံ၍ ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးဖလှယ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၅၃)ကြိမ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ခံတွေ့ဆုံပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

☆ **မြန်မာနိုင်ငံသားများ နေရပ်သို့ပြန်နိုင်ရေးအတွက် ကယ်ဆယ်ရေးလေယာဉ်များ မြန်မာအစိုးရမှ စီစဉ်ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးကြသည့်အတွက် ရန်ကုန်မြို့အခြေစိုက် အာဆီယံသံရုံးများအား ကျေးဇူးတင်ရှိ**

☆ **ကမ္ဘာ့ကပ်ရောဂါကို စုပေါင်းတုံ့ပြန်ကြရာတွင် “COVID-19 ကူးစက်ရောဂါတုံ့ပြန်ရေးတွင် ကုန်စည်များစီးဆင်းနိုင်မှု ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဟန္နိုင်းလုပ်ငန်းစဉ်”ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်**

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝယ်ယူသော လူနာတင်ယာဉ် ၁၂ စီးအနက် ပထမအသုတ် လေးစီးအား လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ**

စာမျက်နှာ » ၅

**ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုအခြေအနေနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ နေ့စဉ်ဆန်းစစ်သုံးသပ် ဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၈

## သံဖြူဇရပ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**သံဖြူဇရပ် စက်တင်ဘာ ၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အသိပညာပေး**

ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့အဝင်သုံးနေရာနှင့် မြို့လယ် ရာပြည့်ဇရပ်ရှေ့တို့တွင် နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိသူများအား နှာခေါင်းစည်းများ အခမဲ့ဝေငှပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အသိပညာပေးပြောကြားသည်။ အပတ်စဉ် သောကြာနေ့တိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်ထံမှ သိရသည်။



အေးအေးသီ(ပြန်/ဆက်)

ကြေးမုံ

# ရောဂါထိန်းချုပ်နိုင်ရေး အလေးထားလိုက်နာ

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ တွေ့ရှိခဲ့ရပြီးနောက် ၎င်းတို့မှတစ်ဆင့် ဆင့်ပွားကူးစက်သူအချို့သည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ဩဂုတ်လ တတိယပတ်မှစ၍ ရောဂါကူးစက်မှုများ နေ့စဉ်တိုးတက်များပြားလာရာ ယခုအခါ ကိုဗစ်-၁၉ ရောဂါပိုးတွေ့သူ တစ်ထောင်ကျော်ရှိလာပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဩဂုတ်လကုန် စက်တင်ဘာလဆန်းမှစ၍ နေ့စဉ်ရောဂါပိုးတွေ့ရှိသူ ၁၀၀ ဝန်းကျင်ဖြင့် စံချိန်တင်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သည် ရောဂါပိုးအများဆုံးတွေ့ရှိရသော ဒေသများဖြစ်လာသည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခြောက်ဦးရှိခဲ့ရာမှ စက်တင်ဘာလ ၄ ရက်နေ့ နံနက်တွင် သေဆုံးသူ တစ်ဦးတိုးလာခဲ့သည်။ သေဆုံးသူတွင် ရောဂါအခံရှိသည် မှန်သော်လည်း နောက်ဖြစ် ကိုဗစ်ရောဂါပိုးဖြင့် ပထမဆုံးသေဆုံးရခြင်းဖြစ်၍ ယခု ကူးစက်ပြန့်ပွားနေမှုကို ပေါ့ပေါ့တန်တန်မတွေးဘဲ အလေးထားကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုနောက်ပိုင်းကာလ၌ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်လျှင် သေဆုံးနိုင်ခြေနည်းသည်ဟု ယူဆနေကြပြီး ရောဂါဖြစ်လျှင်လည်း ပြန်လည်သက်သာလွယ်သည်ဟု ထင်မြင်ယူဆလာကြသည်။ လူအချင်းချင်း ကူးစက်မှုဖြစ်ခဲသည်ဟု အယူအဆမှားများ ရှိလာကြသည်။ အမှန်တကယ်တွင် ကျန်းမာရေးဝန်ထမ်းများက ရောဂါဖြစ်လျှင် ဖြစ်ချင်း အချိန်မီနိုင်နိုင်နင်းနင်း ကုသပေးနေသောကြောင့်ဖြစ်သည်။ ယခုအခါ သက်ကြီးရွယ်အိုများသာမက ကလေးသူငယ်လူမမည်များပါ ရောဂါကူးစက်မှုခံနေရပြီး ရောဂါတစ်ခုဖြစ်လာလျှင် မည်သည့်ရောဂါမှ လွယ်လွယ်ကူကူ သက်သက်သာသာ ရှိမည်မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ကိုယ်ခံအားကောင်းလျှင် ရောဂါပျောက်ကင်းလွယ်ပြီး ကိုယ်ခံအားမကောင်းခြင်း၊ ရောဂါအခံများရှိခြင်း ဖြစ်လျှင်မူ အလွယ်တကူ ထိခိုက်ပျက်စီးနိုင်ပေသည်။

ရခိုင်ပြည်နယ်တွင် ဩဂုတ်လဒုတိယပတ်မှစတင်၍ ကိုဗစ်ရောဂါပိုး စတင်တွေ့ရှိပြီးနောက် ရန်ကုန်မြို့တွင် သံသယလူနာများ၊ စောင့်ကြည့်လူနာများ၊ ရောဂါပိုးတွေ့ရှိလူနာများ နေ့စဉ်များပြားလာရာ ဆေးရုံများ၊ မြို့ရွာများ၊ ငွေကြေး၊ ဆေးဝါး၊ ဆရာဝန်၊ သူနာပြုသက်ဆိုင်ရာအဖွဲ့အစည်းများ မည်မျှတာဝန်များပြီး လိုအပ်ချက်များကြီးမားလာမည်ကို ခန့်မှန်းကြည့်နိုင်သည်။ ရောဂါတွေ့ရှိမှုများလာသည်နှင့်အမျှ ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်း အများအပြားလိုအပ်လာပြီး ကိုဗစ်ရောဂါကုဆေးရုံများသို့ အခြားဆေးရုံများမှ ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဖြည့်ဆည်းပေးရသည်။ ရောဂါတစ်ခုသည် အနာနှင့်ဆေးတွေ့မှသာ အလျှင်းပျောက်ကင်းနိုင်သည်ဖြစ်ရာ ယခုအခါ ကိုဗစ်-၁၉ ဆေးဝါးမပေါ်သေးသဖြင့် ရောဂါဖြစ်လျှင် မည်သည့်နည်းဖြင့် ပျောက်ကင်းအောင်ကုသပေးနေသည်ကို လေ့လာကြည့်သင့်သည်။ ဆေးပညာ၊ ဆရာဝန်နှင့် ပစ္စည်း ခေတ်မီအဆင့်မြင့်စွာ ပိုင်ဆိုင်ထားသည့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် ကိုဗစ်ရောဂါကြောင့် နေ့စဉ်လူအများ သေဆုံးနေရသည့် ဖြစ်စဉ်မှာ ရောဂါအခံရှိခြင်း၊ ကုသဆေးမရှိခြင်း၊ ရောဂါဖြစ်ပွားသူ များပြားလွန်းခြင်းကြောင့်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအခြေအနေကို အကြမ်းအားဖြင့်၊ ဗဟုသုတအားဖြင့် သိထားသင့်သည်။ မြန်မာလူမျိုးများသည် သွေးဆူလွယ်၊ သွေးအေးလွယ်သောသူများမဖြစ်သင့်။ ကောလာဟလ မမှန်သတင်းများကို နားမယောင်မိဖို့လည်းလိုသည်။ ဖြစ်ပေါ်နေသော ကပ်ရောဂါဖြစ်စဉ် အခြေအနေမှန်ကိုသိမြင်ပြီး အလေးအနက်ထား လိုက်နာဆောင်ရွက်ဖို့ လိုမည်ဖြစ်သည်။ ရောဂါပိုးတွေ့ရှိသူ အဆမတန်များလာလျှင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် မနိုင်မနင်းဖြစ်မည်မှာ သေချာသည်။ မနိုင်မနင်းဖြစ်လျှင် သေဆုံးမှုများရှိလာနိုင်သည်။ သေဆုံးမှုရှိမှ ကြောက်ရွံ့ခြင်း ရှိခြင်းသည် မှားယွင်းသောခံယူချက်ဖြစ်သည်။

ရောဂါတစ်ခုသည် မဖြစ်မီက ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ အစောပိုင်းတွင် ဖြစ်ပွားမှုနည်းပြီး ဖြစ်ပွားသည့်အထဲမှ ခြောက်ဦးသာသေဆုံးသဖြင့် ပေါ့ဆခြင်းဖြစ်ဟန်တူသည်။ ယခုအခါ ဖြစ်ပွားမှုများလာပြီး သေဆုံးသူတစ်ဦးတိုးလာသောကြောင့် မပေါ့ဆဖို့လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး ပံ့ပိုးပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ထမ်းများကလည်း အစွမ်းကုန်ကြိုးပမ်း ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးလျက်ရှိသည်။ အဓိကမှာ ပြည်သူများသာဖြစ်ပြီး ပြည်သူများပါဝင်မှသာ ကိုဗစ်ရောဂါပြန့်ပွားနေမှုကို ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်သည်။ တစ်ဦးချင်း တစ်ဦးချင်းသည် မိမိတို့ကိုယ်တိုင်သာမက မိမိတို့ပတ်ဝန်းကျင်အား ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာအချက်များကို ကိုယ်စီလိုက်နာခြင်းဖြင့် ကိုဗစ်ရောဂါအား ဝိုင်းဝန်းကာကွယ်ထိန်းချုပ်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဦးကျော်မိုးထွန်းအား နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းအား နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ဦးမြင့်သူအား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်သူအား ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကနေဒါနိုင်ငံမှ N95 Mask များ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကနေဒါနိုင်ငံမှ N95 Mask များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာသံမှူး မစ္စဂျနီဖာဟာ့တ်က N95 Mask များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ သံမှူး မစ္စဂျနီဖာဟာ့တ်က N95 Mask အရေအတွက် ခုနစ်သောင်းကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




ယနေ့ လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ အသုံးပြုရန်အတွက် ကနေဒါနိုင်ငံက ကနေဒီယံဒေါ်လာ ၄၈၉၉၃၄ တန်ဖိုးရှိ N95 Mask များ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇော်မင်းလတ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၄၉ | ၄၈၅,၁၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၃၃၉ | ၁,၂၂၄,၈၅၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၂၈ | ၂၂၂,၅၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၂၀ | ၄၄၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၆၈၉ | ၁,၉၂၈,၈၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁၈ | ၅၅,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၄

ရန်ကုန်(ရွှေဈေး) ၁၃၁၀၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၅/၆၀၀ ကျပ် | ၆၀၀/၆၁၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၅၅/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၃၀/၆၅၀ ကျပ် | ၆၉၀/၇၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၀၅/၅၃၅ ကျပ် | ၅၆၅/၅၇၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၅/၄၇၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၅/၄၈၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၅/၄၅၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၃.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၁.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၅၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၁.၃၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၄၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၂.၇၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၈.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၅၃)ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံတွေ့ဆုံ၍ ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးဖလှယ်စဉ်။

❖ နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်မှုကို ကန့်သတ်ခြင်းနှင့် ပြည်ဝင် ဗီဇာထုတ်ပေးမှု ယာယီကန့်သတ်ထားရှိခြင်းတို့ကို စက်တင်ဘာလကုန် ပိုင်းအထိ တိုးမြှင့်ထား

❖ အစိုးရအနေဖြင့် "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူ"ကို ကျင့်သုံး လျက် IDP များ၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သည့် လူ့အဖွဲ့အစည်း များအတွက် အဓိကရည်ရွယ်သည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်အကောင် အထည်ဖော်လျက်ရှိ

❏ ရှေ့ဖုံးမှ

အဆိုပါ ဗီဒီယိုကွန်ဖရင့်သို့ အာဆီယံနိုင်ငံများဖြစ်ကြသည့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် ဘရူနိုင်းနိုင်ငံမှ သံရုံးယာယီတာဝန်ခံတို့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

**အရေးပါမှုကို အသိအမှတ်ပြု**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် COVID-19 ကူးစက်ရောဂါကြောင့် နှစ်စဉ်ကျင်းပသည့် အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိသော်လည်း ယနေ့ကျင်းပသည့် ဗီဒီယိုကွန်ဖရင့်မှ တွေ့ဆုံမှုက အာဆီယံ၏ စည်းလုံးညီညွတ်ပြီး အတူတကွ ပေါင်းစည်းသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်စေခဲ့ကြောင်း၊ အာဆီယံ၏ပုံရိပ်ကို မြှင့်တင်ရာတွင်လည်းကောင်း၊ အာဆီယံပြည်သူများအကြား ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်ရာတွင်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးတွင်ရှိသည့် အာဆီယံသံရုံးများ၏ အရေးပါမှုကို အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံသားများ နေရပ်သို့ ပြန်နိုင်ရေးအတွက် ကယ်ဆယ်ရေးလေယာဉ်များ မြန်မာအစိုးရက စီစဉ်ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးကြသည့်အတွက် ရန်ကုန်မြို့အခြေစိုက် အာဆီယံသံရုံးများအား ကျေးဇူးတင်ရှိကြောင်း၊ COVID-19 ကူးစက်ရောဂါကြောင့် စိန်ခေါ်မှုများ ရင်ဆိုင်နေရသည့်ကာလတွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို စံနမူနာပြုထိုက်စွာ ထမ်းဆောင်သည့် ဗီယက်နမ်၏အခန်းကဏ္ဍကို ချီးကျူးဂုဏ်ပြုကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကို စုပေါင်းတုံ့ပြန်ကြရာတွင် "COVID-19 ကူးစက်ရောဂါတုံ့ပြန်ရေးတွင် ကုန်စည်များစီးဆင်းနိုင်မှု ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဟနွိုင်းလုပ်ငန်းစဉ်"ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရအနေဖြင့် ကူးစက်ရောဂါကို အချိန်မီတုံ့ပြန်ဆောင်ရွက်ပြီး အခြေအနေကို ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိသကဲ့သို့ လက်ရှိအခြေအနေအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ခုနစ်မြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ် ငါးမြို့နယ်တို့တွင် "နေအိမ်တွင် နေထိုင်ရေးအစီအစဉ်" များကို ချမှတ်ခဲ့ကြောင်း၊ နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်မှုကို ကန့်သတ်ခြင်းနှင့် ပြည်ဝင်ဗီဇာထုတ်ပေးမှု ယာယီကန့်သတ်ထားရှိခြင်းတို့ကို စက်တင်ဘာလကုန်ပိုင်းအထိ တိုးမြှင့်ထားကြောင်း၊ အစိုးရအနေဖြင့် "မည်သူတစ်ဦး တစ်ယောက်မျှ မကျန်ရစ်စေရေးမူ"ကို ကျင့်သုံးလျက် IDP များ၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သည့် လူ့အဖွဲ့အစည်းများအတွက် အဓိကရည်ရွယ်သည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အာဆီယံသံအမတ်ကြီးများက ၎င်းတို့၏ နိုင်ငံရှိ COVID-19 ကူးစက်ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေများနှင့် ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ၎င်းတို့အစိုးရအသီးသီး၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာဆီယံသံအမတ်ကြီးများက COVID-19 ကူးစက်ရောဂါ တုံ့ပြန်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အတွေ့အကြုံများနှင့် အလေ့အထကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းသို့ဆွေးနွေးကြရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ပြည်သူတစ်ဦးချင်းအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာရန် အရေးကြီးကြောင်း၊ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည့်ကာလတွင် စားနပ်ရိက္ခာ၊ ဆေးဝါးများနှင့် အရေးပေါ်သုံးပစ္စည်းများ အပါအဝင် မရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းများ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်စေရန် လိုအပ်ကြောင်း၊ COVID-19 ကူးစက်ရောဂါကို တုံ့ပြန်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ကျေနပ်အားရကြောင်း၊ COVID-19 အလွန်ကာလကို COVID-19 မတိုင်မီကာလထက် သာလွန်ကောင်းမွန်စေရေးအတွက် အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါး စိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့်အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ် လျာထားမိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိ သိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ်လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၄**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်ဆု၊ လူငယ်စာပေ ဒုတိယဆုရ စာရေးဆရာ "ကိုရွှေသံ(မြန်မာစာ)" ရေးသားသည့် "မြစ်ရောနဒီကြောဝယ်"စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **ကျောဖုံးမှ**

ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့လူနာဆောင်တည်ဆောက်နေမှုအား လှည့်လည် ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**နှစ်ထပ်အဆောက်အအုံ**

အဆိုပါ နှစ်ထပ်တိုးချဲ့လူနာဆောင်သည် အလျားပေ ၁၅၀၊ အနံ ၆၂ ပေနှင့် အမြင့် ၂၈ ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၆၇၁ ဒသမ ၂၂ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ကန်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကန်ပက်လက်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက မိမိတို့အစိုးရသက်တမ်းကာလအတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပြီးစီးခဲ့မှုများကို လက်တွေ့ကျကျ သိမြင်နိုင်ရန်၊ ဒေသဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်စရာရှိသည်များ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတို့၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို သိရှိနိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဖြစ်သည့် ချင်းပြည်နယ်အတွက် အရေးအကြီးဆုံးသော လိုအပ်ချက်တစ်ရပ်သည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်သွယ်သွားလာမှု အခက်အခဲများကို လက်တွေ့မြင်တွေ့နိုင်ရန် ယခုကဲ့သို့သော သွားလာမှုအခက်ခဲဆုံး မိုးရာသီကာလကို တမင်ရွေးချယ်၍ လာရောက်ရခြင်း ဖြစ်ပါကြောင်း။

**လက်တွေ့ခံစားနေရပြီ**

ချင်းပြည်နယ် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေသည့် ကာလဖြစ်ပြီး ယခင်ကာလများထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အပေါ်ထားရှိသည့် နိုင်ငံတော်အစိုးရ၏ စေတနာမေတ္တာများကို လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါကြောင်း၊ မင်းတပ်ကောလိပ်အဆင့်မှ မင်းတပ်တက္ကသိုလ်အဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို ရည်ရွယ်၍ ကန်ပက်လက်-ဆမီး-ပလက်ဝလမ်းမကြီးကို မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး လမ်းမကြီးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ အလားတူ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းပြည်နယ်(မြောက်ပိုင်း)တွင် ဆူဘုန်ရ်လေဆိပ်ကို တည်ဆောက်လျက်ရှိသကဲ့သို့ ချင်းပြည်နယ်(တောင်ပိုင်း)၌လည်း လိုင်လင်းပီ လေယာဉ်ကွင်း တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ချင်းပြည်နယ် လျှပ်စစ်ကဏ္ဍ တိုးမြှင့်နိုင်ရေးအတွက် လည်မျိုမြစ် ရေအားလျှပ်စစ်တည်ဆောက်ရေးစီမံကိန်းအတွက် ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်လျက်ရှိပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

ချင်းပြည်နယ်၏ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်ရေးအတွက် ချင်းပြည်နယ်၏ တောတောင်ရေမြေ သဘာဝနှင့် ကိုက်ညီပြီး ဈေးကွက်ဝင်သည့် “ဝ”ဥ၊ ကော်ဖီနှင့် ထောပတ် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဈေးငွေရရှိနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနေသည့်ကာလတွင် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် တတ်အားသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် ရရှိခံစားနိုင်ကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကန်ပက်လက်မြို့ မြို့မိမြို့ဖ ဦးမြမောင်းက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် ကန်းလောင်းကျေးရွာအနီး အသေးစားလေယာဉ်ကွင်း တည်ဆောက်ပေးနိုင်ရေး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသစ် တည်ဆောက်ပေးနိုင်ရေး၊ မြို့တော်ခန်းမ တည်ဆောက်ပေးနိုင်ရေးနှင့် ကျင်ဒွေး-လောင်းရှည် မော်တော်ကားလမ်း ကတ္တရာခင်းပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီး ဦးရွှေထီးအိုး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကိုဗစ်-၁၉ ကာလအတွင်း ကန်ပက်လက်မြို့နယ်တွင် စေတနာ့ဝန်ထမ်း Volunteer ထမ်းဆောင်ခဲ့သူများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးတင်မြင့်က ကန်ပက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကန်ပက်လက်မြို့မှ မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာရှိ ချင်းတောင်ရတနာ “ဝ”ဥ အလွှာခြောက်စက်ရုံ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း အတွင်းရေးမှူး ဦးကျော်သူက စက်ရုံဆိုင်ရာ အချက်အလက်များ၊ “ဝ”ဥမှတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နေမှု၊ “ဝ”ဥလွှာ အခြောက်ခံစက် စမ်းသပ်လည်ပတ်နေမှု၊ “ဝ”ဥ စိုက်ပျိုးခြင်းကို အကျိုးတူ လယ်ယာကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

**တွက်ခြေကိုက်စိုက်ပျိုး**

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက “ဝ”ဥ တစ်ဧကေ စိုက်ပျိုးလျှင် “ဝ”ဥ အစို ပျမ်းမျှပိဿာ ၅၀၀၀ ခန့်ထွက်ရှိသဖြင့် လက်ရှိဈေးကွက်ပေါက်ဈေးအရ တစ်ဧကေလျှင် စိုက်ပျိုးစရိတ် ကုန်ကျငွေနုတ်ပြီး အမြတ်ငွေကျပ် သိန်း ၅၀ ခန့်ရရှိရာ စိုက်ပျိုးသည့် တောင်သူများအတွက် တွက်ခြေကိုက်သည့် ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန် အမယ်တစ်မျိုး ဖြစ်ပါကြောင်း။

“ဝ”ဥကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပါက ယခုထက် ဝင်ငွေ သုံးဆခန့် ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် “ဝ”ဥ စိုက်ပျိုးရေးကို ဒေသခံများ ပိုမိုစိတ်ဝင်စားမှု အားကောင်းလာစေရန် စွမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် “ဝ”ဥလွှာခြောက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ “ဝ”ဥ လွှာခြောက်စက်ရုံသည် ချင်းတောင်တန်းများပေါ်ရှိ သဘာဝအတိုင်း စိုက်ပျိုးထားရှိသော“ဝ”ဥများကို ခေတ်မီအခြောက်ခံစက်ဖြင့် လေပူစနစ်သုံး၍ သန့်ရှင်းသပ်ရပ်စွာ အခြောက်ခံထားသော “ဝ”ဥ တန်ချိန် ၃၀၀ ခန့် ထုတ်လုပ်နိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် အစိုးရ နည်းပညာအထက်တန်းကျောင်း(မင်းတပ်) ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးအောင်ထိုက်သူက ကျောင်းဆိုင်ရာ အချက်အလက်များနှင့် ဆောက်လုပ်ဆဲ ကျောင်းအဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ကျောင်းအဝင်လမ်းကို ရေရှည်ရည်မှန်း၍ ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်သွားရန်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးနိုင်ရန်နှင့် မြေပြိုကျသည့်နေရာတွင် မြေထိန်းနံရံ တည်ဆောက်သွားရန် မှာကြားသည်။

အဆိုပါ အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်)သည် ၁၉၈၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ လက်မှုပညာသင်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (မင်းတပ်) အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ယနေ့အထိ အစိုးရနည်းပညာ အထက်တန်းကျောင်း(မင်းတပ်) အဖြစ်လည်းကောင်း ဖွဲ့စည်းတည်ဆောက်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်)တွင် အဆောက်အဦနည်းပညာသင်တန်း၊ အီလက်ထရောနစ် နည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာ သင်တန်းနှင့် သုတေသန နည်းပညာသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကာလတို သင်တန်းများအဖြစ် အခြေခံကွန်ပျူတာသင်တန်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းနှင့် အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် မင်းတပ်မြို့ မြို့မဈေးခန်းမ၌ မင်းတပ်မြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက မင်းတပ်မြို့သည် ယခင်ရောက်ရှိခဲ့သည့် အချိန်ကာလများထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ မင်းတပ်ကောလိပ်ကို တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်မည်ဖြစ်၍ များစွာဂုဏ်ယူမိပါကြောင်း၊ ချင်းပြည်နယ်၏ တောတောင်ရေမြေ သဘာဝသည် ဈေးကွက်ဝင် “ဝ”ဥ၊ ကော်ဖီနှင့် ထောပတ်များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့်အတွက် နိုင်ငံတကာဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ အလားတူ နွားနောက်မွေးမြူရေးလုပ်ငန်းကိုလည်း တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် ဒေသဖွံ့ဖြိုးမှုများကို ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ပါကြောင်း၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်-မကွီအိမ်နူး-ပလက်ဝလမ်းသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေးအတွက် များစွာအရေးပါကြောင်း၊ လည်မျိုမြစ်တွင် မဂ္ဂါဝပ် ၆၂၀ ရှိ ရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်နိုင်ရန် တိုင်းတာဆောင်ရွက်လျက်ရှိပါကြောင်း။

**ကျော်လွှားသွားနိုင်မည်**

ကိုဗစ်-၁၉ ရောဂါကို များစွာသတိထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး အစိုးရနှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးသောကုသခြင်း ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး ငါးနှစ်လျှင် တစ်ကြိမ်သာ ဆန္ဒမဲပေးပိုင်ခွင့် ရှိသည့်အတွက် အဆိုပါအခွင့်အရေးကို လက်လွှတ်မခံကြစေလိုပါကြောင်း၊ ဆန္ဒမဲစာရင်းများ မှန်ကန်စွာရရှိနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ အစိုးရ၏ မူဝါဒများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မင်းတပ်မြို့ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးလောရှိန်းအောင်က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် မင်းတပ်မြို့တော်ခန်းမ တည်ဆောက်နိုင်ရေး၊ မြို့သောက်သုံးရေဖူလုံစွာရရှိနိုင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး ဖွင့်လှစ်ပေးနိုင်ရေး၊ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ခွင့်ပြုချထားပေးနိုင်ရေး၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ရေး၊ ဖွဲ့စည်းပုံနှင့်အညီ ဆရာ ဆရာမများ ခန့်ထားပေးနိုင်ရေး၊ ကျောင်းအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် မကွီအိမ်နူးမြို့တွင်မြို့အဆင့် ဌာနဆိုင်ရာများနှင့် အဆောက်အအုံများ ခွင့်ပြုချထားပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးစိုးထက်၊ ဦးရွှေထီးအိုးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကာလအတွင်း ကန်ပက်လက်မြို့နယ်တွင် စေတနာ့ဝန်ထမ်း Volunteer ထမ်းဆောင်ခဲ့သူများအား ထောက်ပံ့ငွေများပေးအပ်ပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က မင်းတပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်မြို့နယ်ရှိ “ဝ”ဥလွှာခြောက်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တပ်ကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ယနေ့နံနက် ၉ နာရီက နေပြည်တော်တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

တွေ့ဆုံပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးတင့်သိမ်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်မြသန္တာဌေး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းထွန်းမင်းတို့ တက်ရောက်ကြသည်။

**မဲရုံ ၁၃၅ ရုံ ဆောင်ရွက်မည်**

တပ်ကုန်းမြို့နယ်တွင် ပထမအကြိမ်မဲစာရင်းကို ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၁၄ ရက်အထိ ကြေညာထားရှိခဲ့ရာ ပုံစံ(၃)ဖြင့် လျှောက်ထားသူပေါင်း ၂၆၃၉ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်ထားသူပေါင်း ၁၃၂၅ ဦး၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်ခွင့်တင်ပြသူပေါင်း ၁၃၁၃ ဦး ရှိကြောင်းနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း (၅၅) အုပ်စု၊ ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၁၇၀၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၁၃၅ ရုံဖြင့် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် ကွင်းဆင်းဆောင်ရွက်ညှိနှိုင်းပေးစဉ်။

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝယ်ယူသော လူနာတင်ယာဉ် ၁၂ စီးအနက် ပထမအသုတ် လေးစီးအား လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက COVID-19 Economic Relief Plan ဖြင့် ဝယ်ယူသော လူနာတင်ယာဉ် ၁၂ စီးအနက် ပထမအသုတ် လေးစီးအား လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ တက်ရောက်ကြသည်။

**၅၅ စီး လွှဲပြောင်းပေးခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လိုအပ်သော လူနာတင်ယာဉ်များကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်အတွင်းကပင် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၏ အကြံဉာဏ်များရယူ၍ လူနာတင်ယာဉ် (Ambulance) ၅၅ စီးအား နိုင်ငံတကာစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လိုင်စင်များရရှိအောင် ဆောင်ရွက်လွှဲပြောင်းပေးခဲ့ပါကြောင်း။

လူနာတင်ယာဉ်အဖြစ် အသုံးပြုမည့် မော်တော်ယာဉ်၊ ယာဉ်အတွင်း တပ်ဆင်အသုံးပြုမည့် Medical Equipment နှင့် ဆက်စပ်ပစ္စည်းများကို ပွင့်လင်းမြင်သာစွာဖြင့် တင်ဒါခေါ်ယူပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အရေးပေါ်ကုသရေးဆေးပညာဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့် အသင့်တော်ဆုံး ဒီဇိုင်းပုံစံဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် လူနာတင်ယာဉ်ဆိုင်ရာ အရည်အသွေး စစ်ဆေးအတည်ပြုချက် ထုတ်ပေးနိုင်ရေး လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လူနာတင်ယာဉ် ၁၂ စီး တပ်ဆင်ထုတ်လုပ်ရောင်းချရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့တွင် မော်တော်ယာဉ် လေးစီးကို ပထမအသုတ် အနေဖြင့် လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး အမှာစာအရ ကျန်ရှိသော လူနာတင်ယာဉ် ရှစ်စီးကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ယခုလအတွင်း ဆက်လက် လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလွှဲပြောင်းသော လူနာတင်ယာဉ် အတွင်းပိုင်းတွင် တပ်ဆင်ထားသော Medical Equipment များသည် အီတလီနိုင်ငံထုတ် Spancer အမျိုးအစားဖြစ်ပြီး Trimming Part များသည် တူရကီနိုင်ငံထုတ်ပစ္စည်းများဖြစ်ပါကြောင်း၊ Standard Type Ambulance မော်တော်ယာဉ် ဖြစ်သည့်



အတွက် Medical Equipment ၁၂ မျိုး တပ်ဆင်ထားရှိပါကြောင်း၊ ဈေးကွက်လိုအပ်ချက်အရ Basic Type နှင့် Advance Type အမျိုးအစားများကိုလည်း ဝယ်ယူသည့် အမှာစာများအပေါ်မူတည်၍ ဆက်လက်ထုတ်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း။

**ထုတ်လုပ်နိုင်ရေးစီမံထားရှိ**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ CERP ရန်ပုံငွေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို ထပ်မံဝယ်ယူမည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် အချိန်မီဖြည့်ဆည်းပေးနိုင်ရေး အဆင်သင့် ကြိုတင်စီမံဆောင်ရွက်ထားရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သော ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများအား နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း GMP Guide Line များနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်ရေး စီမံထားရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ကိုဗစ်-၁၉ ကြောင့် ဆုံးရှုံးနစ်နာမှုများကို အချိန်နှင့်တစ်ပြေးညီ ကုစားရန် COVID-19 Economic Relief Plan (CERP) ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းစီမံချက်တွင် ပန်းတိုင်ခုနစ်ခုနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ပေါင်း ၇၆ ခု ပါဝင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များက လုပ်ငန်းစဉ်အသီးသီး အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး ကော်မတီနှင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးအတွက် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေးကော်မတီတို့ကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူရေးကော်မတီအနေဖြင့် လုပ်ငန်းတာဝန် (၉) ရပ် ရှိရာတွင် အရေးကြီးဆုံးအပိုင်းအနေဖြင့် အမှန်တကယ် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူရန်နှင့် ဝယ်ယူသည့် ဆေးပစ္စည်းများ သတ်မှတ်ထားသည့် အချိန်အတွင်း ရောက်ရှိရေးပင် ဖြစ်ပါကြောင်း။

ဆေးနှင့် ဆေးပစ္စည်းဝယ်ယူရာတွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူရမည့် ဆေးနှင့်ဆေးပစ္စည်းများရှိသလို နိုင်ငံတကာ အကူအညီ၊ ချေးငွေများနှင့် ဝယ်ယူရန်ရှိပါကြောင်း၊ လိုအပ်သည့် ဆပ်ကော်မတီ လေးခု ဖြစ်သည့် ဝယ်ယူရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် အကောက်ခွန်ရှင်းလင်းရေး ဆပ်ကော်မတီနှင့် အရည်အသွေးစိစစ်ရေး ဆပ်ကော်မတီတို့ကို သက်ဆိုင်ရာဌာနများက ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကို လုပ်ဆောင်နေကြပြီ ဖြစ်ပါကြောင်း။

**ချေးငွေအကူအညီရရှိ**

သြဂုတ် ၃၁ ရက်က ဝယ်ယူရေးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက CERP အရ ပြည်တွင်း/ပြည်ပမှ ဝယ်ယူမည့် ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအား အုပ်စုအလိုက်ခွဲ၍ အထွေထွေပို့လျှံရန်ပုံငွေ (GRF) အောက်မှ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲမည့် အစီအစဉ်တို့အပေါ် အတည်ပြုဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းမှာ ပြည်တွင်း၌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဆေးနှင့်ဆေးပစ္စည်း၊ PPE နှင့် Ambulance ၁၂ စီး မှာယူထားသည့် ကိစ္စများလည်း ပါဝင်ပါကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံ၏ အကူအညီနှင့် အင်းစိန်မြို့နယ်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် မြေနေရာတွင် Storage Facility တည်ဆောက်နိုင်ရေးအတွက် ဂျပန်သံရုံးဘက်ကို ဒီဇိုင်းပုံစံ အမြန်ဆုံးပြန်ကြားနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သို့ အရေးပေါ်ဆေးပစ္စည်းများ အချိန်မီတင်ပို့နိုင်ရေးအတွက် လိုအပ်သည့်အခါတွင် လေကြောင်း/ ရေကြောင်းတို့ဖြင့် ပေးပို့နိုင်ရန် အမျိုးသားအဆင့်ဗဟိုကော်မတီမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ CERP ၏ လုပ်ငန်းစဉ် ၇.၁.၃ (က) အရ နိုင်ငံတကာမှ အကူအညီ/ ချေးငွေရရှိရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ ချေးငွေ၊ အကူအညီအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် ဂျပန်ယန်း ဘီလီယံ ၃၀ ညှိနှိုင်းရယူထားပြီး အထောက်အပံ့ အမေရိကန် ဒေါ်လာ ၈၄ ဒသမ ၅၃ သန်း၊ ယူရို ၆ ဒသမ ၂ သန်း၊ ငွေကျပ် ၁၀၀၀၀၀၀၀၀ နှင့် ဂျပန်ယန်း ၂ ဘီလီယံတို့ကို ရရှိထားပါကြောင်း ပြောကြားသည်။

**ရခိုင်ပြည်နယ်၌ အသုံးပြုသွားမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုလွှဲပြောင်းလက်ခံခဲ့သည့် လူနာတင်ယာဉ် လေးစီးအား ရခိုင်ပြည်နယ်သို့ ပို့ဆောင်ကာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အဆင့်မီလူနာတင်ယာဉ်များအား ထုတ်လုပ်ပေးခဲ့သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကိုလည်းကောင်း၊ နိုင်ငံတကာ ပံ့ပိုးမှုများရရှိရန် ချိတ်ဆက် ဆောင်ရွက်ပေးသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ ဝန်ကြီးဌာနများ၏ဆောင်ရွက်ပံ့ပိုးပေးမှုများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိပြီး ပြည်သူများ၏ အသက်ကို ကယ်တင်ပေးနေခြင်းလည်း ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အရေးပေါ် အသက်ကယ်ဆယ်ကုသမှုများ၊ လူနာတင်ယာဉ်တွင် တပ်ဆင်ထားသော စက်ကိရိယာများကို ကောင်းမွန်စွာအသုံးချကာ အရေးပေါ် လူနာများအား သယ်ယူပို့ဆောင်မှုများပြုလုပ်ရန်အတွက် လူနာတင်ယာဉ်တွင်လိုက်ပါမည့် အရေးပေါ် အသက်ကယ်ပညာရှင် (paramedic) များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနတွင် လက်ရှိအသုံးပြုနေသော လူနာတင်ယာဉ်များအား အသုံးချဆောင်ရွက်နေမှုအခြေအနေများကို ဘက်စုံဆန်းစစ်သုံးသပ်ကာ ပိုမိုအကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ထံသို့ လူနာတင်ယာဉ် လေးစီး၏ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လူနာတင်ယာဉ်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ်အတွက် ဆွစ်ယှဉ်ပြိုင်တင်ဒါ ခေါ်ယူနိုင်ရေး အကြံပေးဝန်ဆောင်မှုလုပ်ငန်းအပ်နှံစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၄**

ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ်တွင် ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် စီးပွားဖြစ်ရပ်တည်နိုင်စွမ်းရှိမှုသေချာသည့် စက်မှုဇုန်နှင့် အခြေခံအဆောက်အအုံများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန် ပွင့်လင်းမြင်သာမှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆွစ်ယှဉ်ပြိုင်တင်ဒါ (Swiss Challenge) ခေါ်ယူနိုင်ရေး အကြံပေးဝန်ဆောင်မှု လုပ်ငန်းအပ်နှံစာချုပ် လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်ခန်းမတို့၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်ကျင်းပသည်။

**တက်ရောက်**

လက်မှတ်ရေးထိုးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ Swiss Challenge တင်ဒါကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ တင်ဒါကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဆက်အောင်နှင့် ဦးဗရတ်ဆင်းတို့သည် နေပြည်တော်မှ လည်းကောင်း၊ တင်ဒါကော်မတီအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးရဲမင်းဦးနှင့် တင်ဒါကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် Roland Berger Pte. Ltd. မှ တာဝန်ရှိသူများက ရန်ကုန်မြို့တော်ခန်းမမှ လည်းကောင်း ပါဝင်တက်ရောက်ကြသည်။



လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ယနေ့သည် ရန်ကုန်မြို့ အနောက်ဘက်ကမ်းတွင် ခေတ်မီမြို့သစ်ဖော်ဆောင်နိုင်ရေး ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် ခြေလှမ်းသစ်တစ်ရပ်ကို အစပြုမည့် မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွင် ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် စီးပွားဖြစ်ရပ်တည်နိုင်စွမ်းရှိမှုသေချာသည့် စက်မှုဇုန်နှင့် အခြေခံအဆောက်အအုံများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းနှင့်အညီ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရန်ကုန်မြို့တွင် စက်မှုလုပ်ငန်းများ ပိုမိုချဲ့ထွင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံ့စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးစေရေးနှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရေး အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)၏ အနှစ်သာရလည်း ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများအပြား ဆွဲဆောင်နိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် ခေတ်မီအခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ယခုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအရ အချက်အချာကျပြီး မြန်မာ့အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP)၏ ၂၆ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိရာ ရန်ကုန်မြို့တော်တွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း။

**ပိုမိုကောင်းမွန်လာမည်**

ထို့အပြင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှု အဆင့်အတန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သော ရန်ကုန်မြို့တော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Swiss Challenge တင်ဒါကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် Roland Berger Pte. Ltd. မှ တာဝန်ရှိသူတို့က ပြည်ထောင်စုဝန်ကြီး ရှေ့မှောက်တွင် အကြံပေးဝန်ဆောင်မှု လုပ်ငန်းအပ်နှံစာချုပ်ကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ စီမံကိန်းတွင် စက်မှုဇုန်၊ တန်ဖိုးနည်းအိမ်ရာများနှင့် အထောက်အကူပြု အခြေခံအဆောက်အအုံများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မကွေး၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မသန်စွမ်းသူများအား ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးအစီအစဉ်အရ ငွေကြေးထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထောက်ပံ့မှုတစ်ကြိမ် မရရှိသေးသော မသန်စွမ်းသူများအား နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ ငွေကြေးလွှဲပြောင်းထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးရှိ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ မသန်စွမ်းသူများအသင်း တာဝန်ရှိသူများနှင့် မသန်စွမ်းသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

**အခြေခံလူ့အခွင့်အရေးရရှိရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်သည် ကိုဗစ်-၁၉ ကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုအပေါ် ထိခိုက်ဆုတ်ယုတ်မှုများ တတ်နိုင်သမျှနည်းပါးအောင် လျှော့ချသည့်အစီအစဉ်ဖြစ်ကြောင်း၊ ထိုအစီအစဉ်များဖြင့် လိုအပ်သူများကို ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လူတိုင်းအခြေခံလူ့အခွင့်အရေးခံစားရရှိရေးအတွက် အာမခံပေးနိုင်သည့် စစ်မှန်သည့်ဒီမိုကရေစီ အစိုးရဖြစ်အောင် ကြိုးပမ်းလျက်ရှိပါကြောင်း၊ အစိုးရစတင်တာဝန်ယူချိန်မှစ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပဋိသန္ဓေတည်စမှ သက်ကြီးရွယ်အိုအထိ အခြေခံလူ့အခွင့်အရေးရရှိအောင် ဆောင်ရွက်ရာတွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာ၊ စီမံချက်များဖြင့် ဆောင်ရွက်ရပါကြောင်း။

ထို့ကြောင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေကို ခေတ်စနစ်နှင့်ညီအောင် ၂၀၁၈ ခုနှစ်တွင် ပြန်လည်ချမှတ်ခဲ့ကြောင်း၊ ကလေးသူငယ်များသည် ပြုစုစောင့်ရှောက်မှု၊ ဖွံ့ဖြိုးမှုများအပြင် ကာကွယ်စောင့်ရှောက်မှုပါ လိုအပ်သည့်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)ကို အသစ်ပြဋ္ဌာန်းခဲ့ကြောင်း၊ ထိုမှတစ်ဆင့် လူငယ်ကဏ္ဍအတွက် လူငယ်ရေးရာမူဝါဒကို ဖော်ဆောင်ပြီး ယခုအခါ မဟာဗျူဟာစီမံချက်ကို ချမှတ်နိုင်၍ အကောင်အထည်ဖော်ရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း၊ အမျိုးသမီးများနှင့်ပတ်သက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ ယနေ့ဆောင်ရွက်သည့် မသန်စွမ်းသူများအတွက် ဥပဒေရှိပြီးဖြစ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးကို ထိရောက်စွာဖော်ဆောင်နိုင်ရန် နည်းဥပဒေကို အမြန်ဆုံးဖော်ဆောင်ခဲ့ပါကြောင်း၊ ထို့အပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းကာ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မသန်စွမ်းတစ်ဦးချင်းစီ၏ အခွင့်အရေးကို အပြည့်အဝဖော်ဆောင်ရန်ကြိုးပမ်းနေပါကြောင်း၊ သက်ကြီးရွယ်အိုဥပဒေ ပေါ်ပေါက်ပြီးဖြစ်၍ ဥပဒေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အစိုးရသစ်လက်ထက်တွင် လူမှုရေးပင်စင်ကို စတင်နိုင်ခဲ့ကြောင်း၊ ဤအောင်မြင်မှုများ ခိုင်မာတိုးတက်အောင် အခြေခံလူ့အခွင့်အရေးကို အာမခံသည့် စစ်မှန်သောဒီမိုကရေစီအစိုးရဖြစ်လာစေရန် ဒီမိုကရေစီခရီးလမ်းကို ဆက်လက်လျှောက်လှမ်းလျက်ရှိပါကြောင်း၊ ပြည်သူ့အစိုးရက ပြည်သူအတွက် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရန် ထာဝရငြိမ်းချမ်းရေးကို ဦးတည်လျက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ သို့မှသာ စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဖော်ဆောင်ရာ၌ ကိုဗစ်-၁၉ ကာလတွင် သာမန်ထက်ပို၍ အခက်အခဲရှိသော ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများကို အစိုးရ၏ CERP ဖြင့် ထောက်ပံ့ခြင်းသည် ခံစားရရှိသင့်သည့် အခွင့်အရေးများကို အပြည့်အဝဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း၊ ထောက်ပံ့မှုများသည် ငွေကြေးအမြောက်အမြား သုံးစွဲရပါကြောင်း။

ထိုကဲ့သို့ ဒေသတစ်ခုအတွင်းသို့ ငွေကြေးစီးဆင်းမှုများပြားခြင်းသည် ဤဒေသအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ လျော့ပါးသက်သာလာစေနိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် မိမိတို့၏ ဆောင်ရွက်ရမည့် လုပ်ငန်းယန္တရားများ ရပ်တန့်မသွားအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြသည့် ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအသီးသီးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



**လွှဲပြောင်းပေးအပ်**

ထို့နောက် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက မသန်စွမ်းသူ ၁၁၂၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၃၆၇၂၀၀၀၀ ကို လူမှုရေးဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် လူမှုရေးဝန်ကြီးက အခမ်းအနားသို့ ကိုယ်တိုင်ပါဝင်တက်ရောက်လာကြသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်ပြီး မသန်စွမ်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၉၆၇၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၉၀၁၆၀၀၀၀ ကို လူမှုရေးဝန်ကြီးထံသို့ လည်းကောင်း၊ ပဲခူး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၅၅၄၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၆၆၂၉၀၀၀၀ ကို ကရင်တိုင်းရင်းသားရေးရာဝန်ကြီးထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ရာ ထောက်ပံ့မှုများအတွက် တိုင်းဒေသကြီးအသီးသီးမှ မသန်စွမ်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ ကျန်အဖွဲ့ဝင်များက သက်ဆိုင်ရာ နေရာဒေသများမှလည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ၁၀ ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသစ် ရှစ်ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၅၇၃ သန်းနှင့် ငွေကျပ် ၁၃၉၄၃၈ ဒသမ ၃၃၂ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၅၇ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံ/ဒေသပေါင်း ၅၁ ခုမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

သတင်းစဉ်

# Safe and Fair Project ၏ အမျိုးသားအကြံပေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ - ILO နှင့် UN Women Myanmar တို့ပူးပေါင်း၍ Safe and Fair Project ပါ အာဆီယံဒေသတွင်းရှိ အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အရေးများနှင့် အခွင့်အလမ်းများ ရရှိစေခြင်းနှင့်စပ်လျဉ်းသည့် အမျိုးသားအကြံပေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပသည်။





အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ အမျိုးသားအကြံပေးကော်မတီအဖွဲ့ဝင်များ၊ UN Resident Coordinator Office မှ UN Resident and Humanitarian Coordinator၊ Mr. Ola Almgren၊ ဥရောပသမဂ္ဂကိုယ်စားလှယ် Dr. Johann Hesse, Charged'Affaires၊ ILO Myanmar မှ Liaison Officer၊ Mr. Donglin Li နှင့် UN Women Myanmar မှ Country Representative၊ Mr. Nicholas Burniat တို့ တက်ရောက်ကြသည်။

**ချိတ်ဆက်ဆောင်ရွက်ရန်လို**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက Safe and Fair Project အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မှုရှိစေရေး ILO နှင့် UN Women Myanmar တို့အား အကြံဉာဏ်များ ပံ့ပိုးပေးနိုင်ရေး၊ ဘေးကင်းလုံခြုံပြီး မျှတမှုရှိသော ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဖြစ်စေရေးနှင့် လူကုန်ကူးခံရခြင်း၏ ဆိုးကျိုးများ လျှော့ချရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ဖြစ်ကြောင်း၊ စီမံကိန်း၏ မဟာဗျူဟာများနှင့် ဦးစားပေးကဏ္ဍများအပေါ် အကြံပြုချက်များ ပံ့ပိုးပေးရန်၊ စီမံကိန်းအကျိုးရလဒ်များကို စောင့်ကြည့်လေ့လာရန်၊ အစီရင်ခံစာများအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ရန်နှင့် အကြံပြုချက်များပေးနိုင်ရန် ရည်ရွယ်၍ အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း၊ Safe and Fair Project စီမံကိန်းအရ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနမှ ဝန်ထမ်းများအတွက် အကြိုသင်တန်းများဖွင့်လှစ်နိုင်ခဲ့ပြီး ဟသ်ာတမြို့၊ အောင်လံမြို့၊ လှိုင်ကော်မြို့တို့တွင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (MRCs)များ ဖွင့်လှစ်ခဲ့ပြီး မိုးညှင်းမြို့တွင် ဆက်လက်ဖွင့်လှစ်ရန်ကျန်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် အသိပညာပေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုကြောင်း။

**ပူးပေါင်းဆောင်ရွက်ပေးစေလို**

အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများအတွက် လုပ်ငန်းခွင်အတွင်း ဥပဒေပါအခွင့်အရေးများ ဆုံးရှုံးမှုမရှိရေး၊ အကြမ်းဖက်မှုများ မခံရရေးလိုအပ်သည့် လူမှုကာကွယ်စောင့်ရှောက်မှုများ ပေးရန်လိုကြောင်း၊ အလုပ်သမားသံအရာရှိများနှင့် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများမှ သံအမတ်ကြီးများ၏ ဦးဆောင်မှုဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုကြောင့် ပြန်လည်ဝင်ရောက်လာသူ ရွှေ့ပြောင်းလုပ်သား တစ်သိန်းခွဲကျော်သွားပြီဖြစ်၍ ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်ထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် Safe & Fair စီမံကိန်း၏ ရှေ့လုပ်ငန်းစဉ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခံစားရသည့် ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် အလုပ်သမားများအားလုံးကို ဦးတည်ဆောင်ရွက်ပေးစေလိုကြောင်း၊ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ အခက်အခဲအကျပ်အတည်းများကို အောင်မြင်စွာ ကျော်လွှားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် UN Resident Coordinator Office၊ ဥရောပသမဂ္ဂကိုယ်စားလှယ်၊ ILO နှင့် UN Women Myanmar တို့မှ ဌာနေကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး အစည်းအဝေးအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ILO နှင့် UN Women တို့က ရွှေ့ပြောင်းသွားလာခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ၊ Safe & Fair စီမံကိန်းနှင့်စပ်လျဉ်း၍ ၂၀၂၀ လုပ်ငန်းအစီအစဉ်၊ အခြားအာဆီယံနိုင်ငံများတွင် လုပ်ဆောင်နေမှုများ၊ ၂၀၂၀ ပြည့်နှစ်တွင် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က နိဂုံးချုပ် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဉ္စမအကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်အတွင်းရှိ ပါဝင်ပတ်သက်သူများအားလုံး ပါဝင်သော ပဉ္စမအကြိမ်စားပွဲဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသဘာပတိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခဲ့သည့်အတွက် ကပ်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်မှုအဖြစ် CERP ကို ထုတ်ပြန်ခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် စတော့ဈေးကွက် ပိုမိုသက်ဝင်လှုပ်ရှားလာစေရန်နှင့် တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၉ ခုနှစ် မတ်လမှစတင်၍ စားပွဲဝိုင်းဆွေးနွေးပွဲကို သုံးလတစ်ကြိမ် စဉ်ဆက်မပြတ်ကျင်းပခဲ့ရာ ယခုအကြိမ်သည် ငါးကြိမ်မြောက် ဆွေးနွေးပွဲဖြစ်ကြောင်း၊ ယခုပဉ္စမအကြိမ် ဆွေးနွေးပွဲတွင် လက်ရှိနိုင်ငံခြားသား ရှယ်ယာဝယ်ယူမှု၊ ရှယ်ယာအရောင်းအဝယ် ဖြစ်ပေါ်မှုနှင့် ရှေ့အလားအလာ၊ အွန်လိုင်းဖြင့် ငွေချေးသက်သေခံလက်မှတ် စာရင်းဖွင့်လှစ်မှုအခြေအနေ၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းမဝင်ရသေးသော အများပိုင်ကုမ္ပဏီများအတွက် Pre-listing Board တည်ထောင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ ပါဝင်ဆွေးနွေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ဆွေးနွေးပွဲသို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဂျပန်သံရုံးနှင့် JICA မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ Myanmar Private Equity and Venture Capital Association၊ စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ရန်ကုန်စတော့အိတ်ချိန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ခြောက်ခုရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုကြောင့် စတော့ရှယ်ယာ အရောင်းအဝယ်များ အနည်းငယ်ကျဆင်းခဲ့သော်လည်း နေ့စဉ်ပုံမှန် ရောင်းဝယ်မှုများရှိကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီနယ်မြေရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်သမဝါယမဦးစီးဌာန၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နေကြပြီး China EXIM Bank ချေးငွေများကိုလည်း အပြေအကျေပေးဆပ်နိုင်အောင် ဆောင်ရွက်ခဲ့ကြသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ အားသာချက်၊ အားနည်းချက်များအပေါ် အခြေခံ၍ ဒီထက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ရောင်းချရန်ကျန်ရှိနေသေးသော Daedong လယ်ယာသုံးစက်ကိရိယာများကို ဆက်လက်၍ ရောင်းချနိုင်ရန်အတွက် ယခင်သတ်မှတ်ထားရှိသော ဈေးနှုန်းများထက် သက်သာသောဈေးနှုန်းများဖြင့် ဝန်ဆောင်မှုလုပ်ငန်းအား လုပ်ဆောင်ရရှိငွေဖြင့်ပင် ပေးဆပ်နိုင်သည့် အရစ်ကျအချိန်ကာလ လေးနှစ်၊ ငါးနှစ်များဖြင့် ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကြေးမုံ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော်ပုံနှိပ်စက်ရုံတို့တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်အတူ Small Studio(II) ၌ စက်တင်ဘာ ၈ ရက် ညပိုင်းမှစတင်၍ ထုတ်လွှင့်ဖော်ပြမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရိုက်ကူးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် Control Room တို့ကို ကြည့်ရှုစစ်ဆေးပြီး ပါတီအလံနှင့် တံဆိပ်များ ထင်ရှားပေါ်လွင်မှုရှိရေး၊ ရိုက်ကူးရေးတာဝန်ကျဝန်ထမ်းများအားလုံး ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း Swab နမူနာများ ကြိုတင်စစ်ဆေး ဆောင်ရွက်ထားရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းသတင်းရိုက်ကူးသည့် Small Studio (I)၊ ရေဒီယို ဓာတ်ပြားတိုက်၊ ရုပ်မြင်ဌာနခွဲရှိ ဖလင်တိပ်ခွေထိန်းသိမ်းရေးဌာနစိတ် (Umatic and Betacam) နှင့် ဒစ်ဂျစ်တယ်နည်းဖြင့် မှတ်တမ်းများ ထိန်းသိမ်းသည့်နေရာ၊ သတင်းခန်းများ (News Studio)၊ HD စနစ်ဖြင့် အဆင့်မြှင့်တင်မွမ်းမံထားရှိသည့် ထုတ်လွှင့်ခန်း (Presentation II)၊ MRTV HD ထုတ်လွှင့်ခန်းနှင့် ရွေးကောက်ပွဲအသိပညာပေး လှုံ့ဆော်တေးသီချင်းများရိုက်ကူးနေသည့် Auditorium ခန်းမတို့တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းသတင်းရိုက်ကူးသည့် Small Studio (I)၌ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုအခြေအနေနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ နေ့စဉ်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု အခြေအနေနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ နေ့စဉ်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄)၌ ကျင်းပသည်။



**နည်းဗျူဟာပုံစံများ**

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိ ရခိုင်ပြည်နယ်၌ လျင်မြန်စွာပျံ့နှံ့နေသည့် ကိုဗစ်-၁၉ အား ထိရောက်စွာ အမြန်ဆုံးထိန်းချုပ်နိုင်ရန် လက်တွေ့မြေပြင်တွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို သိရှိရေးအတွက်လည်းကောင်း၊ ထပ်မံအားဖြည့်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးနိုင်ရန်အတွက်လည်းကောင်း၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်များနှင့် အတွေ့အကြုံမျှဝေရန်အတွက်လည်းကောင်း၊ ရောဂါကာကွယ်ထိန်းချုပ်နေသည့် နည်းဗျူဟာပုံစံများကို လိုအပ်ပါက မွမ်းမံနိုင်ရန်ရည်ရွယ်၍လည်းကောင်း ပြုလုပ်သည့် ယခုနေ့စဉ်အစည်းအဝေးသည်လတ်တလောအချိန်ကာလ၌ အလွန်အရေးကြီးပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်လျက်ရှိသည့်အပြင် လူနာများ စောစီးစွာပျောက်ကင်းရန်နှင့် သေဆုံးမှုနည်းပါးစေရန် ဆေးရုံများ၌ ဆရာဝန်၊ ဆရာမနှင့် ကျွမ်းကျင်ပညာရှင်များသည် အစွမ်းကုန်ကြိုးစားအားထည့် ဆောင်ရွက်လျက်ရှိပါကြောင်း။

**၁၂၈ ဦးထမ်းဆောင်ပံ့ပိုး**

ဝန်ကြီးဌာနမှ ဆေးပညာအထူးကုများ၊ မေ့ဆေးအထူးကုများ၊ ရောဂါဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတ်မှန်နှင့် ဆေးဝါးပညာရှင်များ၊ လက်ထောက်ဆရာဝန်နှင့် သွားနှင့်ခံတွင်းဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ သူနာပြုအုပ်၊ သူနာပြုဆရာမကြီး၊ အထက်တန်းသူနာပြုနှင့် သူနာပြုများ၊ ကျန်းမာရေးမှူးများနှင့် သားဖွားဆရာမများ ယခုအထိ စုစုပေါင်း ၁၂၈ ဦးသည် မိမိဆန္ဒအလျောက် ရခိုင်ပြည်နယ်သို့ သွားရောက်တာဝန်ထမ်းဆောင် ပံ့ပိုးနေသည်ကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။

ကပ်ရောဂါဗေဒသဘောတရားများအရ ယခုလက်ရှိကာလတွင် တွေ့ရှိရသည့် ကိုဗစ်-၁၉ လူနာများနှင့် ထိတွေ့သူများတွင် ရောဂါကူးစက်မှုများ ဆက်လက်ရှိနေနိုင်ကာ ကူးစက်ဖြစ်ပွားသူ အရေအတွက်များသည် ရက်သတ္တပတ်တစ်ပတ်မှ နှစ်ပတ်ခန့် ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းရပါကြောင်း၊ ယခုအချိန်၌ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ကူးစက်မှုများပြားနေသည့် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းသည် အဓိကကျကာ လက်ရှိအချိန်အတွက် အထိရောက်ဆုံးနည်းဗျူဟာဖြစ်သည်ဆိုသည့်အချက်ကို မိမိတို့အားလုံး သိရှိသဘောပေါက်ရမည်ဖြစ်ပြီး ဤလုပ်ငန်းအား မိမိတို့အနေဖြင့် တတ်နိုင်သမျှ ပိုမိုအားထည့်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ထပ်မံပြန့်ပွားရန် အလားအလာများ**

ရခိုင်ပြည်နယ်မှ လေကြောင်းခရီးဖြင့် ဝင်ရောက်လာသူများ မြန်မာနိုင်ငံရှိ မည်သည့်မြို့နယ်များသို့ ရောက်ရှိနေသည်ကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး ထိုမြို့နယ်များ၌ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌ တွေ့ရှိရသော ကိုဗစ်-၁၉ လူနာများ၏ ၇၅ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြသည့်အပြင် ဤရောဂါပိုး၏ မြန်ဆန်သော ကူးစက်မှုပုံစံကို တွေ့ရှိရသည့်အတွက် အမြင်အားဖြင့် ကျန်းမာနေသည့် ရောဂါပိုးရှိသူများထံမှ ထပ်မံပြန့်ပွားရန် အလားအလာများနေပါကြောင်း။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများနှင့် ရောဂါဖြစ်ပွားမှုများပြားနေသည့် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများအား ရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမရှိပါက ၎င်းတို့မှတစ်ဆင့် "ထပ်ဆင့်ရောဂါကူးစက်မှုများ" ဖြစ်ပွားကာ ထိန်းချုပ်ရန် ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားနိုင်သည့်အပြင် ဤရောဂါထိန်းချုပ်မှုကာလမှာ ကြာရှည်သွားနိုင်ပါကြောင်း၊ ပြည်သူများအနေဖြင့် ဤအရေးကိစ္စသည် မိမိနှင့် မိမိ၏မိသားစုအတွက် အလွန်အရေးကြီးသည့် ကိစ္စဖြစ်သည့်အပြင် နိုင်ငံ၏ အရေးကိစ္စလည်းဖြစ်သည် ဆိုသောအချက်ကို နှလုံးမူ၍ ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းဆက်သွယ်ရန် အရေးကြီးပါကြောင်း။

**ရှောင်ပုန်းပါက ထပ်ဆင့်ကူးစက်နိုင်**

ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများသည် ကျန်းမာရေးစစ်ဆေးမှုနှင့် အသွားအလာကန့်သတ်မှု ခံယူရန်အား ရှောင်ပုန်းနေခြင်းများပြုလုပ်ပါက မိမိမှတစ်ဆင့် မိသားစုထံသို့ "ထပ်ဆင့်ရောဂါကူးစက်မှုများ" ဖြစ်ပွားနိုင်သည်ဆိုသည့် အချက်ကို သိရှိစေလိုပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမြဲပြောကြားသည့် "မိမိ၌ ရောဂါကူးစက်ခံရပါက ထိုရောဂါပိုးသည် မိမိကိုယ်၌ ရှိနေသည်" ဆိုသည့်အချက်ကို သိရှိစေလိုပါကြောင်း။

ရခိုင်ပြည်နယ်၌ ရောဂါကူးစက်မှုမြန်ဆန်နေသည့်အတွက် အခြားသော ကူးစက်မှုနည်းပါးနေသည့် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မလျှော့ဘဲ ကြိုတင်စီစဉ် ဆောင်ရွက်ထားစေလိုပါကြောင်း၊ စည်းကမ်းလိုက်နာမှုများ အားကောင်းစေရန်နှင့် စနစ်တကျချိန်သားကိုက် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်စီမံခန့်ခွဲမှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း။

**လုံးဝလုံလောက်မည်မဟုတ်**

ဤရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးရှုထောင့်တစ်ခုတည်းမှ ဆောင်ရွက်ပါက လုံးဝလုံလောက်မည်မဟုတ်သဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးရှုထောင့်များမှ ဆောင်ရွက်နိုင်စေရန်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လမ်းညွှန်မှုများဖြင့် မိမိတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်၌ ထိန်းချုပ်မှုလုပ်ငန်းများကို တင်းကျပ်စွာလုပ်ဆောင်လျက်ရှိသည်ကိုလည်း ပြည်သူများအနေဖြင့် နားလည်သဘောပေါက်ကြစေလိုပါကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုများ လျော့နည်းပြီးနောက် အခြေအနေ အရပ်ရပ်နှင့်ကိုက်ညီကာ ဖြေလျှော့သင့်သည့် အချိန်၌ ဖြေလျှော့ပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်သို့ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းကိရိယာများကိုလည်း အထူးလေယာဉ်များဖြင့် ပို့ဆောင်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ADB၊ World Bank၊ Gavi၊ Global Fund၊ USAID၊ Access to Health Fund နှင့် ဂျပန်နိုင်ငံတို့မှ ပံ့ပိုးသော ဘဏ္ဍာငွေများကို အသုံးပြု၍ ဝယ်ယူထားသော ပစ္စည်းများလည်း စတင်ရောက်ရှိနေပြီး ရခိုင်ပြည်နယ်နှင့် လိုအပ်သည့် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ချက်ချင်းခွဲဝေဖြန့်ဖြူးလျက်ရှိပါကြောင်း၊ ဤရောဂါထိန်းချုပ်ခြင်းကို အချိန်တိုအတွင်း ထိရောက်အောင်မြင်ရန်မှာ ပြည်သူများ ပါဝင်ပူးပေါင်း ပံ့ပိုးမှုပေးမှသာလျှင် ရရှိမည်ဖြစ်သည်ကို အလေးအနက်ပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

**တင်ပြ**

ထို့နောက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်က လက်ရှိ မြန်မာနိုင်ငံ၌ ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေများ ခြုံငုံသုံးသပ်မှုများကိုလည်းကောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးမွန်မွန်ကျော်က ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေအသေးစိတ်နှင့် ပတ်သက်၍ ခြုံငုံသုံးသပ်မှုများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာသီတာလှက လက်ရှိတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဆေးရုံများ၌ ကုသမှုခံယူနေသည့် ကိုဗစ်-၁၉ လူနာများ အခြေအနေများကိုလည်းကောင်း တင်ပြခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က ထူးခြားဖြစ်စဉ်များတင်ပြခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၄**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် လိုအပ်သောပစ္စည်းများ လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မဂ်လာခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**


မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ် သိန်း ၃၇၅၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၁၀၀၀၀၊ ဆပ်ပြာတုံး ၅၀၀၊ သွားတိုက်ဆေးဘူး ၅၀၀၊ သွားတိုက်တံ ၅၀၀၊ ကော်ဖီမစ် ၁၀ ထုပ်ပါ အထုပ် ၅၀၀၊ ကြွေမတ်ခွက် အလုံး ၅၀၀၊ လက်ဆွဲအိတ် ၅၀၀၊ မှတ်စုစာအုပ် ၅၀၀၊ စာစောင် ၅၀၀ နှင့် ယမန်နေ့က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများက အလှူငွေကျပ် ၂၈၃၄၀၀၀ နှင့် ငွေကျပ်သိန်း ၄၉၃၁၁၅၀၀ တန်ဖိုးရှိ ကျန်းမာရေးသုံးပစ္စည်းများကို လှူဒါန်းရာ ပြည်သူများကိုယ်စား We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့၊ ဦးပြည့်မောင် - ရုပ်ရှင်သရုပ်ဆောင် စမိုင်းလ် မိသားစုက အလှူငွေကျပ်သိန်း ၅၀၊ နှာခေါင်းစည်း ၃၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၄၄ စုံ၊ ငွေကျပ် ၁၃၅ သိန်းတန်ဖိုးရှိ အသက်ရှူစက်တစ်လုံး စုစုပေါင်း ငွေကျပ် ၁၉၁၇၅၀၀၀ တို့ကို လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# (၁၁)ကြိမ်မြောက် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေးအဖွဲ့၏ ပထမအကြိမ် Resumed အစည်းအဝေး၊ (၁၁)ကြိမ်မြောက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အစိုးရလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအထွေထွေညီလာခံ အထူးအစည်းအဝေး(UNGASS) ၏ ပထမအကြိမ်မြောက် Intersessional အစည်းအဝေးများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

(၁၁)ကြိမ်မြောက် ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ရေးအဖွဲ့၏ ပထမအကြိမ် Resumed အစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အစိုးရလုပ်ငန်းအဖွဲ့အစည်းအဝေးတို့ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂ ရက်အထိ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အထွေထွေညီလာခံအထူးအစည်းအဝေး (UNGASS) ၏ ပထမအကြိမ်မြောက် Intersessional အစည်းအဝေးကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ လည်းကောင်း Virtual Format ဖြင့် ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုယ်စား ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်တို့ တက်ရောက်ခဲ့ကြသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အထွေထွေညီလာခံ အထူးအစည်းအဝေး (UNGASS) ၏ ပထမအကြိမ်မြောက် Intersessional အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းပါ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များ ခိုင်မာအားကောင်းစေရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေး၊ အပြန်အလှန် နည်းပညာအကူအညီပေးအပ်နိုင်ရေးနှင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ပိုင်ဆိုင်မှုများ ပြန်လည်ရယူရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ အထူးသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကုလသမဂ္ဂအထူးအစည်းအဝေး ၂၀၂၁ (UNGASS– 2021) ကျင်းပပြီး ထုတ်ပြန်မည့် အဖွဲ့ဝင်နိုင်ငံအချို့နှင့် စီးပွားရေးပေါင်းစည်းမှုအဖွဲ့အစည်းများက ပြုစုရေးဆွဲထားသည့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးကြေညာစာတမ်း (Political Declaration) မူကြမ်းအပေါ် ဆွေးနွေးအကြံပြုကြသည်။

**ဆွေးနွေးပြောကြား**

ကော်မရှင်သည် အဆိုပါ နိုင်ငံရေးကြေညာစာတမ်းမူကြမ်းပြုစုရေးဆွဲခြင်းကို ကြိုဆိုကြောင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ကမ္ဘာလုံးဆိုင်ရာ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၊ ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDG)နှင့် ချိန်ညှိပြီး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈–၂၀၃၀) (MSDP)ပါ ရည်မှန်းချက် ပန်းတိုင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈–၂၀၂၁) ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ နှစ်အလိုက် ရှေ့လုပ်ငန်းအစီအစဉ်များနှင့် ဒေသတွင်းနှင့် ဒေသပြင်ပ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၄**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သတင်းစာရှင်းလင်းပွဲတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ရခိုင်ပြည်နယ်အတွင်း ဩဂုတ်လအစောပိုင်းမှစတင်၍ ကိုဗစ်–၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာများ တွေ့ရှိမှု များပြားလာသည့်အတွက် တပ်မတော်လေယာဉ်များဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုဆေးနှင့် ဆေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းခဲ့မှု၊ တပ်မတော်အနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးထားမှု၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် နယ်မြေများတွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့မှုနှင့် ယင်းကာလအတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၉၆ သိန်းကျော်၊ ICE ၈၃၅၂ ကီလိုကျော် အပါအဝင် ကာလတန်ဖိုးငွေကျပ် ၇၆၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှု၊ ရုရှားနိုင်ငံတွင် ကျင်းပနေသည့် International Army Games – 2020 ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်နေမှု၊ နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသမုဒြာထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အစိတ်အပိုင်း(၁) ကို နေပြည်တော်သို့ ဆက်လက်ပင့်ဆောင် တည်ထားပူဇော်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မင်းတပ်မြို့၌ ဥပဒေဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မင်းတပ် စက်တင်ဘာ ၄**

မင်းတပ်မြို့နယ်ရှိ ပြည်သူများအား ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမနားယောက "ပြည်သူတွေက အကူအညီပေးဖို့ တောင်းခံလာတဲ့အခါ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပေးအရေးအဖွဲ့ကို ချင်းပြည်နယ်မှာရှိတဲ့ မြို့နယ် ကိုးမြို့နယ်မှာ ဖွဲ့စည်းပြီး ဒေသခံပြည်သူတွေကို ဥပဒေဆိုင်ရာ အကူညီပေးခြင်း ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

မင်းတပ်မြို့နယ်ရှိ ကျေးလက်နေပြည်သူများ၊ မင်းတပ်မြို့ပေါ်ရပ်ကွက်များနှင့် မင်းတပ်မြို့မဈေးသို့ လာရောက်သည့် ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား



နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ ညနေ ၄ နာရီခွဲတွင် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ Social Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### တတိယအကြိမ် ထောက်ပံ့ရန်ရှိ

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကိုဗစ်–၁၉ ကပ်ရောဂါကာလတွင် နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူလူထုအားထောက်ပံ့ပေးခဲ့သည့် အခြေအနေကိုဦးစွာတင်ပြလိုပါကြောင်း၊ ပြည်သူလူထုကို သကြ်န်ရုံးပိတ်ရက်ရှည်မှစ၍ ရိက္ခာ ငါးမျိုးထောက်ပံ့ခဲ့ ပါကြောင်း၊ ထိုသို့ထောက်ပံ့ရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် အိမ်ထောင်စု ၅ ဒသမ ၃ သန်းအတွက် ငွေကျပ် ၇၁ ဒသမ ၁၀၃ ဘီလီယံကျခံခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ရိက္ခာ ငါးမျိုး မဖြန့်ဝေတော့ဘဲ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံ လူတန်းစား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် နှစ်ကြိမ် ထောက်ပံ့ခဲ့ပါကြောင်း၊ အိမ်ထောင်စုပေါင်း ၅ ဒသမ ၄ သန်းကို ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် နှစ်ကြိမ် ထောက်ပံ့ခဲ့ရာ ၂၁၈ ဒသမ ၁၁၂ ဘီလီယံကျခံခဲ့ပါကြောင်း၊ အိမ်ထောင်စုပေါင်း၅ ဒသမ ၆ သန်းကိုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တတိယအကြိမ် ထောက်ပံ့သွားရန် ရှိပြီး ငွေကျပ် ၁၁၃ ဒသမ ၅၃၅ ဘီလီယံကျခံသွားမည် ဖြစ်ပါကြောင်း။

ကိုဗစ်ကာလတွင် တောင်သူလယ်သမားများ ဝင်ငွေ ရရှိရန်အတွက် စပါးမျိုးစေ့ထုတ်လုပ်ငန်း၊ ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း၊ ငါးမျိုးများ၊ ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ထုတ်လမ်းနှင့် ကျေးရွာအခြေခံအဆောက်အအုံ တည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို ယင်းဒေသတွင် ရှိသည့် ဒေသခံများနှင့်ပူးပေါင်းပြီး Cash For Work စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျခံဆောင်ရွက် နေသည်မှာ ငွေကျပ် ၈၂ ဒသမ ၆၁၂ ဘီလီယံ ရှိပါကြောင်း။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက အသက် ၈၀ မှ ၈၄ နှစ် အကြား သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ စေတနာ့ဝန်ထမ်း များကိုထောက်ပံ့ပေးပါကြောင်း၊ ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးတွင်ရှိသည့် IDP စခန်းများ၊ တိုက်ပွဲရှောင် စခန်းများတွင် နေထိုင်နေကြသည့် ပြည်သူများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးပါကြောင်း၊ IDP စခန်းများ၊ တိုက်ပွဲရှောင် စခန်းများတွင်ရှိသည့် အိမ်ထောင်စုများမှ မူလတန်း ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများ ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၊ အနာကြီး ရောဂါသည်များ၊ ပြည်တွင်း၊ ပြည်ပလူကုန်ကူးခံရသည့် သူများကိုလည်း ထောက်ပံ့ပေးပါကြောင်း၊ ၎င်းထောက်ပံ့မှု အားလုံးအတွက် ငွေကျပ် ၃၅ ဒသမ ၈၂၃ ဘီလီယံကျခံ ခဲ့ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယခု ကာလတွင် ဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ ဆေးပစ္စည်း ကိရိယာများ၊ အကာအကွယ်ပစ္စည်းများ၊ PPE ဝတ်စုံများ စသည့် ဆက်စပ်ပစ္စည်းများကိုဝယ်ယူရာတွင် ငွေကျပ် ၂၆၇ ဒသမ ၉၀၃ ဘီလီယံကျခံ ဝယ်ယူခဲ့ပါကြောင်း၊ လမ်းဘေး ဈေးသည်များကို သက်သာသည့်နှုန်းထားဖြင့် ငွေကျပ် ၁၀၀ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ထို့ပြင် အသေးစား ချေးငွေလုပ်ငန်းများမှတစ်ဆင့် တစ်ပိုင်တစ်နိုင် ပြန်ချေး သူများအတွက် ငွေကျပ် ဘီလီယံ ၁၀၀ ကျခံခဲ့ပါကြောင်း၊ အသေးစားချေးငွေလုပ်ငန်းကော်မတီက SME လုပ်ငန်း များကို ငွေကျပ် ဘီလီယံ ၂၀၀ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ယခုကာလအတွင်း တောင်သူလယ်သမားများကို တစ်ဧက လျှင် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ဘီလီယံ ၆၀၀ ထောက်ပံ့ ပေးခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ကင်းလွတ်ခွင့်ပေးမှု အနေဖြင့် ဧပြီ၊ မေ၊ ဇွန် ကာလအတွင်း ယူနစ် ၁၅၀ သက်သာ ခွင့်ပေးခဲ့ရာ ငွေကျပ် ၁၀၇ ဒသမ ၃၇၉ ဘီလီယံ အစိုးရက ကျခံခဲ့ပါကြောင်း။

### မကြာမီထောက်ပံ့မည်

ထူးခြားချက်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပုဂ္ဂလိက ကို တင်ဒါခေါ်ယူခြင်း၊ ဥပမာ မီးစက်များဖြင့် လျှပ်စစ် ဓာတ်အားပေးခြင်းများရှိပြီး အစိုးရထံမှ ဂက်စ်များ ဝယ်ယူကာ တာဘိုင်များ လည်ပတ်ရခြင်းများရှိပါကြောင်း၊ ယင်းအတွက် တစ်နိုင်ငံလုံးရှိ လျှပ်စစ်မီးကင်းလွတ်ခွင့် ပေးရာတွင် ၎င်းတို့မှာ အကျုံးမဝင်ဖြစ်နေသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြချက်အရ ငွေကျပ် ၁ ဒသမ ၅၁၈ ဘီလီယံ နိုင်ငံတော်က ထောက်ပံ့ခဲ့ပါကြောင်း၊ ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်စပ်သည့် ထောက်ပံ့ကူညီမှု စုစုပေါင်းမှာ ငွေကျပ် ၁၉၀၈ ဒသမ ၀၈၅ ဘီလီယံ ကျခံခဲ့ ပါကြောင်း၊ ဆက်လက်၍လည်း အိမ်ထောင်စု ၅ ဒသမ ၆ သန်းအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မကြာမီကာလတွင် ထောက်ပံ့ပေးသွားမည်ဖြစ်ပါ ကြောင်း။

ကိုဗစ် –၁၉ ကာလတွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်မှု နှင့်ပတ်သက်ပြီး ဥပဒေအရ အရေးယူသည့်အမျိုးအစား သုံးမျိုးရှိပါကြောင်း၊ ပထမတစ်မျိုးအနေဖြင့် ကူးစက်ရောဂါ တားဆီးနှိမ်နင်းရေး ဥပဒေဖြင့် အရေးယူပါကြောင်း၊ Quarantine မှ ထွက်ပြေးခြင်း၊ ပြည်ပမှပြန်ဝင်လာကြောင်း အသိမပေးခြင်း၊ အခြားနေရာများသို့ သွားခြင်း၊ ဒေသန္တရ အမိန့်နှင့် ညွှန်ကြားချက်များအား ဖောက်ဖျက်ကာ လူစု လူဝေးပြုလုပ်ခြင်း၊ ကျန်းမာရေးစစ်ဆေးရန် ခေါ်ယူရာတွင် လက်မခံဘဲထွက်ပြေးခြင်း၊ Mask မတပ်ဘဲ သွားလာခြင်း၊ Quarantine မဝင်ဘဲရှောင်တိမ်းသူများအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူသည့် အမှုပေါင်း မှာ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်မှ ယမန်နေ့အထိ အမှုပေါင်း ၉၁၄၈ မှုရှိပါကြောင်း၊ အရေးယူထားသည့် အမျိုးသား ၁၁၂၇၁ ဦးနှင့် အမျိုးသမီး၂၆၃၇ ဦး စုစုပေါင်း ၁၃၉၀၈ ဦး အား အရေးယူထားပါကြောင်း။

### ၅၅၇၀ အရေးယူခဲ့ရ

ထို့ပြင် Quarantine စောင့်ကြည့်ကာလတွင် အရက်သေစာသောက်စားသူများ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားချိန်တွင် စားသောက်ဆိုင်များတွင် ဝိုင်းဖွဲ့ စားသောက်ရန် လက်ခံခြင်း၊ လူစုလူဝေးဖြင့် မင်္ဂလာပွဲ ကျင်းပခြင်း၊ ဆေးရုံများတွင် စောင့်ကြည့်လူနာများအဖြစ် တက်ရောက်နေစဉ် ထွက်ပြေးခြင်း၊ Quarantine ဝင်နေစဉ် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ခြင်း၊ Quarantine Centre များကိုဝင်ခွင့်မရဘဲ ဝင်ရောက်နှောင့်ယှက်မှုများ၊ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ သတင်းမှားဖြန့်ချိမှုများ၊ ကိုဗစ်–၁၉ နှင့်စပ်လျဉ်း၍ အသိပညာပေးမှုဆောင်ရွက်နေစဉ် ဝတ္တရားနှောင့်ယှက်မှုများ၊ လူစုလူဝေးဖြင့် ဆန္ဒပြမှုများ၊ ဘာသာရေးအခမ်းအနားကျင်းပခြင်းစသည့် အကြောင်း အရာများကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေဖြင့် အရေးယူထားပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှုဖွင့်အရေးယူမှုမှာ ၁၁၈ မှုရှိပြီး အမျိုးသား ၂၁၉ ဦး၊ အမျိုးသမီး ၆၃ ဦး စုစုပေါင်း ၂၈၂ ဦးအား အရေးယူထား ပါကြောင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် အရေးယူမှုများမှာ ညမထွက်ရအမိန့်အား မလိုက်နာသည့်အတွက် အရေးယူမှု အနေဖြင့် ၂၁၁၇ မှု ရှိပြီး အမျိုးသား ၅၂၇၉ ဦး၊ အမျိုးသမီး ၂၉၁ ဦး စုစုပေါင်း ၅၅၇၀ အရေးယူခဲ့ရပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် KTV၊ Club၊ Bar ဖွင့်လှစ်သည့်အတွက် ကူးစက်ရောဂါ တားဆီး နှိမ်နင်းရေးဥပဒေအရ အရေးယူခဲ့မှုမှာ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ စုစုပေါင်း ၁၄ မှု ရှိပါကြောင်း၊ အမျိုးသား ၄၂ ဦး၊အမျိုးသမီး ၅၀ စုစုပေါင်း ၉၂ ဦးကို အရေးယူထားပါကြောင်း၊ စက်တင်ဘာ ၁ ရက်မှ ယမန်နေ့အထိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေအရ အရေးယူထားမှုမှာ ၈ မှုရှိပြီး အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၄၅ ဦးကို အရေးယူထားပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် KTV၊ Club၊ Bar များ ဖွင့်လှစ်ခဲ့သည့်အတွက် အရေးယူခဲ့ရပါကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက ကယားပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အား ရာထူးမှ ရပ်စဲလိုက်ရသည့်ကိစ္စ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဆိုရှယ် မီဒီယာများကို နည်းပညာအရ စောင့်ကြည့်ဆောင်ရွက် နေမှုလုပ်ငန်းစဉ်၊ ယခုဖွဲ့စည်းထားသည့် ဆိုရှယ်မီဒီယာ စောင့်ကြည့်ရေးအသင်း၏ လုပ်ဆောင်ချက်၊ ကိုဗစ်ကာလ အတွင်း နိုင်ငံတော်အစိုးရက ပြည်သူများအား အကူအညီ အထောက်အပံ့များ ပေးအပ်နေမှုနှင့် ဆက်လက်ဆောင်ရွက် သွားမည့်အခြေအနေ၊ နေပြည်တော် အဝင်၊ အထွက်ဂိတ်များ တွင် ကိုဗစ်–၁၉နှင့်စပ်လျဉ်း၍ စစ်ဆေးကြပ်မတ် ဆောင်ရွက်နေမှု၊ ဖြေလျှော့ပေးသွားမည့် အခြေအနေ၊ နိုင်ငံရေးပါတီများအတွက် အမေရိကန်မှ ဒေါ်လာ ၄၆ သန်း ထောက်ပံ့ပေးအပ်ခဲ့သည့်ကိစ္စ၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု မြင့်မားနေသည့်အချိန်တွင် ရွေးကောက်ပွဲ ကျင်းပရန် အစီအစဉ် ရှိ၊ မရှိ၊ “၀” အထူးဒေသနှင့် ရခိုင်ပြည်နယ် (မြောက်ပိုင်း) တွင် လုံခြုံရေးဆိုင်ရာ အခြေအနေအရ ရွေးကောက်ပွဲများ မကျင်းပရန် တပ်မတော်၏အကြံပေးမှု အပေါ် နိုင်ငံတော်အစိုးရ၏ သဘောထားအမြင်အား သိရှိ လိုခြင်း၊ ကိုဗစ်ကာလတွင် ထုတ်ပြန်ထားသည့် ညမထွက်ရ အမိန့် အချိန်ပြောင်းလဲမှု ရှိ၊ မရှိ၊ တရုတ်ဧည့်သည်တော် ခရီးစဉ်တွင် မြစ်ဆုံကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့မှု ရှိ၊မရှိ၊ ICJ ကိစ္စ၊ ရခိုင်ပြည်နယ်တွင် ကိုဗစ်–၁၉ရောဂါ ဖြစ်ပွားမှု မြင့်မားနေသည့်အချိန်တွင် AA အဖွဲ့၏ ဝါဒဖြန့်ချိနေမှုနှင့် ၎င်းတို့၏ လုပ်ရပ်များအပေါ် နိုင်ငံတော်အစိုးရမှ ဆောင်ရွက် သွားမည့်အခြေအနေ၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကိုဗစ် ရောဂါကူးစက်နှုန်း မြင့်မားလာမှုနှင့်စပ်လျဉ်း၍ အစိုးရ၏ တုံ့ပြန်မှုနှေးကွေးသည်ဟု ဝေဖန်သုံးသပ်နေမှုများအပေါ် အစိုးရ၏ အမြင်သဘောထားနှင့် စစ်တွေမြို့ကို Lock down သတ်မှတ်ရန် အစီအစဉ် ရှိ၊ မရှိ၊ ပြည်တွင်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်နှုန်း မြင့်မားလာမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် ဒုတိယလှိုင်းအဖြစ် သတ်မှတ်ရန် ရှိ၊ မရှိ၊ ကိုဗစ်–၁၉ရောဂါ ထိန်းချုပ်နိုင်မှုအခြေအနေ၊ စာသင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သွားမည့်အခြေအနေ၊ မြန်မာ–တရုတ် နယ်စပ်ဒေသများတွင် လောင်းကစားများ ပြုလုပ်နေမှုများအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ထိန်းချုပ် သွားမည့် အခြေအနေ၊ နယ်စပ်ဒေသများတွင် လောင်းကစား မှုဖြင့် ဖမ်းဆီးမိသူများအား အရေးယူဆောင်ရွက်သွားမည့် အခြေအနေ၊ မြဝတီရှိ ဆက်သွယ်ရေးတာဝါတိုင် မိုင်းခွဲ ဖျက်ဆီးခံခဲ့ရမှုကိစ္စ၊ မြစ်ကြီးနားမြို့၌ ဖွင့်လှစ်ထားသည့် ငြိမ်းချမ်းရေး နည်းပညာအထောက်အကူပြုအသင်းရုံး ပိတ်သိမ်းလိုက်ရသည့် အခြေအနေ၊ တရုတ်နိုင်ငံမှ ထောက်ပံ့ကူညီပေးသွားမည့် ကိုဗစ်ကာကွယ်ဆေးကိစ္စ၊ ရခိုင်ပြည်နယ်တွင် အင်တာနက်လိုင်းစနစ် မြှင့်တင်ပေး သွားမည့်အခြေအနေတို့နှင့်စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

### အခြေခံလူတန်းစားများ ဒုက္ခရောက်

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကိုဗစ်ကာလ အတွင်း နိုင်ငံတော်အစိုးရက ပြည်သူများအား အကူအညီ အထောက်အပံ့များ ပေးအပ်နေမှုနှင့် ဆက်လက်ဆောင်ရွက် သွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ပထမအချက်အနေဖြင့် မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုအနေအထားကို ကြည့်ရပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုအနေအထားပေါ်တွင် မူတည်ပြီး စည်းမျဉ်းစည်းကမ်းသတ်မှတ်ရသည့် အနေအထားကို ကြည့်ရပါကြောင်း၊ Stay Home သတ်မှတ်လိုက်သည့်အခါ အခြေခံလူတန်းစားများ ဒုက္ခရောက်ကြပါကြောင်း၊ ယင်းအခြေခံ လူတန်းစားများသည် စည်းမျဉ်းစည်းကမ်း လိုက်နာရေးထက် စားဝတ်နေရေးသည် အဓိကကျပါ ကြောင်း၊ ထို့ကြောင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုသည် စိတ်ထဲတွင်မရှိတော့သည့်အတွက် အပြင်သို့ ထွက်၍ အလုပ်လုပ်ရသည့် သဘောရှိပါကြောင်း၊ ထိုသို့ လုပ်ဆောင် မှုများ လျော့ကျရန်အတွက် ထောက်ပံ့ရခြင်းဖြစ်ပါကြောင်း။

လိုအပ်လျှင် လိုအပ်သလို ဆက်လက်ထောက်ပံ့ ပေးသွားမည်ဖြစ်ပါကြောင်း၊ တတိယအကြိမ်အဖြစ် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့သွားရန်ရှိပါကြောင်း၊ ယခု မထောက်ပံ့ ပေးရသေးပါကြောင်း၊ ထောက်ပံ့ပြီးပါက ရောဂါအခြေအနေ ပေါ် ထောက်ရှုပြီး အစိုးရအကြီးအကဲများက ဆုံးဖြတ် သွားမည်ဖြစ်ပါကြောင်း၊ အိမ်ထောင်စုပေါင်း ၅ ဒသမ ၆ သန်းကို ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးသွားမည် ဖြစ်ပါ ကြောင်း၊ ထောက်ပံ့ပေးမည့်ကာလသည် ပြီးခဲ့သည့်ကာလ ထောက်ပံ့နှုန်း အနေအထားကိုကြည့်ပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့်ညှိနှိုင်း၍ ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

“၀” အထူးဒေသနှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း) တွင် လုံခြုံရေးဆိုင်ရာ အခြေအနေအရ ရွေးကောက်ပွဲများ မကျင်းပရန် တပ်မတော်၏ အကြံပေးမှုအပေါ် နိုင်ငံတော် အစိုးရ၏သဘောထားအမြင်နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် တွင် ၁၇ မြို့နယ်ရှိပြီး တစ်မြို့နယ်လုံးတွင် ကျင်းပ၍ ရသည်မှာ ငါးမြို့နယ်သာ ရှိပါကြောင်း၊ မြို့ပေါ်တွင် ကျင်းပခွင့်ရပြီး ကျေးရွာများတွင် ကျင်းပခွင့်မရခြင်းများ ရှိပါကြောင်း၊ ယင်းတို့ကို လုံခြုံရေးအရ အကြံပေးခြင်းဖြစ်ပါ ကြောင်း၊ အထူးဒေသ(၂) ပန်ဆန်းဘက်တွင်လည်း ကျင်းပ ရန် ပုံမှန်အကြံပေးလေ့ရှိပါကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ထုံးလုပ်နည်းအရ အစပိုင်းတွင် ရွေးကောက်ပွဲ ကျင်းပရန်အတွက် တစ်နိုင်ငံလုံးကြေညာ ရပါကြောင်း၊ ယင်းသို့ ကြေညာပြီးမှသာ ကျင်းပရန် သင့်၊ မသင့် သဘောထားရယူပါကြောင်း၊ ၂၀၁၅ ခုနှစ်၌ “၀” အထူးဒေသ (၂) နယ်မြေများတွင် ရွေးကောက်ပွဲ မကျင်းပ ကြောင်းကို အောက်တိုဘာလအတွင်း ကြေညာခဲ့ပါကြောင်း၊ မကျင်းပနိုင်သည့်နေရာများမှာ

စာမျက်နှာ ၁၁ သို့ ✪

**ကိုဗစ်-၁၉ ကာလတွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုနှင့်ပတ်သက်ပြီး ဥပဒေအရ အရေးယူသည့်အမျိုးအစား သုံးမျိုးရှိပါကြောင်း၊ ပထမတစ်မျိုးအနေဖြင့် ကူးစက်ရောဂါ တားဆီးနှိမ်နင်းရေးဥပဒေဖြင့် အရေးယူပါကြောင်း၊ Quarantine မှ ထွက်ပြေးခြင်း၊ ပြည်ပမှပြန်ဝင်လာကြောင်း အသိမပေးခြင်း၊ အခြားနေရာများသို့ သွားခြင်း၊ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအား ဖောက်ဖျက်ကာ လူစုလူဝေးပြုလုပ်ခြင်း၊ ကျန်းမာရေးစစ်ဆေးရန် ခေါ်ယူရာတွင် လက်မခံဘဲထွက်ပြေးခြင်း၊ Mask မတပ်ဘဲ သွားလာခြင်း၊ Quarantine မဝင်ဘဲရှောင်တိမ်းသူများအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူသည့် အမှုပေါင်းမှာ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်မှ ယမန်နေ့အထိ အမှုပေါင်း ၉၁၄၈ မှု ရှိပါကြောင်း၊ အရေးယူထားသည့် အမျိုးသား ၁၁၂၇၁ ဦးနှင့် အမျိုးသမီး ၂၆၃၇ ဦး စုစုပေါင်း ၁၃၉၀၈ ဦးအား အရေးယူထား။**

❂ စာမျက်နှာ ၁၀ မှ

ပန်ဆန်း၊ ပန်ဝိုင်၊ မိုင်းမော၊ နားဖန်၊ မိုင်းလား ငါးမြို့နယ်ဖြစ်ပါကြောင်း၊ ထို့ပြင် မူဆယ်၊ ကုန်းကြမ်း၊ မန်တုန်၊ မိုင်းခတ်မြို့နယ်အတွင်းရှိ အချို့ကျေးရွာများတွင် ရွေးကောက်ပွဲများ မကျင်းပနိုင်သည့်အတွက် ယင်းနေရာများတွင် ရွေးကောက်ပွဲများ ကျင်းပမည်မဟုတ်ကြောင်းကို ကြေညာခဲ့ပါကြောင်း၊ ယင်းမှာ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း။

**အချို့အမှတ်မှားနေ**

ရခိုင်ပြည်နယ်(မြောက်ပိုင်း)နှင့် အထူးဒေသ(၂)ကို သဘောထားပေးထားပါကြောင်း၊ အချို့အနေအထားများလည်း ရှိနိုင်သေးပါကြောင်း၊ ယင်းအနေအထားအပေါ် မူတည်၍ တပ်မတော်ဘက်က သဘောထားကိုလည်း ယူပါကြောင်း၊ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ သဘောထားကိုလည်း ယူပါကြောင်း၊ အောက်ခြေတွင်ရှိသည့် ကော်မရှင်အဖွဲ့ခွဲများ၏ သဘောထားကိုလည်း ယူပါကြောင်း၊ ယခု ကိုဗစ်နှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောထားလည်း ယူမည်ဟုပြောပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောထားယူ၍ လာမည့် အောက်တိုဘာလရောက်မှသာ ကြေညာမည်ဖြစ်ပါကြောင်း၊ အချို့အမှတ်မှားနေပါကြောင်း၊ တပ်မတော်က သဘောထားပေးခြင်းကို ဂရုမစိုက်ဟု ထင်မြင်နေကြပါကြောင်း၊ ယင်းမှာလုပ်ထုံးလုပ်နည်းကို နားမလည်၍ ပြောကြားနေခြင်း ဖြစ်ပါကြောင်း၊ ကော်မရှင်၏ လုပ်ထုံးလုပ်နည်းအရ ယင်းအတိုင်းပင်ဖြစ်ပါကြောင်း၊ အောက်တိုဘာလ ရောက်ရှိမှသာ မကျင်းပနိုင်သည့် နေရာများကို ထပ်မံကြေညာရမည်ဖြစ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တွင်လည်း ယင်းအတိုင်းပင် ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ မူဝါဒမှာ ရှင်းလင်းပါကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲများဖြစ်နေပြီး လက်နက်ကိုင်တပ်ဖွဲ့များ၊ အဖွဲ့အစည်းများကြီးစိုးနေသည့်နေရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်နိုင်ပါကြောင်း၊ ယင်းတွင် တပ်မတော်နှင့် အမြင်တူညီပါကြောင်း၊ အလားတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခြေအနေကိုလည်း ထည့်တွက်ရပါကြောင်း၊ သဘောထားပေါင်းစုံကို သုံးသပ်၍ ကော်မရှင်က ဆုံးဖြတ်ရပါကြောင်း၊ အစိုးရက မဆုံးဖြတ်ပါကြောင်း၊ ကော်မရှင်၏လုပ်ပိုင်ခွင့် ဖြစ်ပါကြောင်း ဖြေကြားသည်။

**အားလုံးအကောင်အထည်ဖော်နေ**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတခရီးစဉ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သဘောတူညီချက်များတွင် ပါဝင်သည့် ကဏ္ဍများနှင့် တရုတ်ဧည့်သည်တော်ခရီးစဉ်တွင် မြစ်ဆုံကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့မှု ရှိ၊ မရှိနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ် ခြောက်ခုနှင့် သဘောတူညီချက် သုံးခု လက်မှတ်ရေးထိုးပါကြောင်း၊ နားလည်မှုစာချွန်လွှာ ၁၄ ခု၊ စာလွှာ ၁၀ ခု လက်မှတ်ရေးထိုးပါကြောင်း၊ နှစ်နိုင်ငံ သဘောတူစာချုပ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ရာများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်တို့ကို လက်မှတ်ထိုးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့သည့်အခါတွင် စစ်ဆေးရန်နှင့် ပိုးမွှားကင်းစင်ရေး သဘောတူညီချက်၊ မြန်မာနိုင်ငံမှ အပူပေးစနစ်ဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် ပိုးဥချောင်းများတင်ပို့ခြင်းဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲ၊ နွားများ ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ကျန်းမာရေးလိုအပ်ချက်ဆိုင်ရာ သဘောတူစာချုပ်၊ တရုတ်အမျိုးသား ရုပ်မြင်သံကြား အသံလွှင့်ဌာနနှင့် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ နှစ်နိုင်ငံသံရုံးမြေနှင့် အဆောက်အအုံ ပြန်လည်ထောက်ပံ့ခြင်းဆိုင်ရာ သဘောတူညီချက်တို့ ဖြစ်ပါကြောင်း၊ ယင်းနှစ်နိုင်ငံသဘောတူစာချုပ် ခြောက်ခုကို အားလုံး အကောင်အထည်ဖော်နေပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆောင်ရွက်မည့်ကိစ္စမှာ ကိုဗစ်-၁၉ ကြောင့် ခဏရပ်နားထားသည့် သဘောရှိပါကြောင်း၊ ကျန်ရှိသည့် ကိစ္စများမှာ ဆောင်ရွက်ဆဲအနေအထားဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

သတင်း- မျိုးကျော်နိုင်

ဓာတ်ပုံ-ကိုထိန်

## COVID–19 အတွက် ပြည်သူသို့ ထောက်ပံ့မှုများ

| စဉ် | ခေါင်းစဉ် | အကြောင်းအရာ | ဘီလီယံ |
|---|---|---|---|
| ၁ | အိမ်ထောင်စု ထောက်ပံ့ | ပထမအကြိမ်(ရိက္ခာ၅မျိုး)၅.၃သန်း<br>ဒုတိယအကြိမ်(၂၀၀၀၀ ၂ကြိမ်)၅.၄သန်း | ၇၁.၁၀၃ ဘီလီယံ<br>၂၁၈.၁၁၂ ဘီလီယံ |
| ၂ | အိမ်ထောင်စု တတိယအကြိမ် | (၂၀၀၀၀နှုန်းထုတ်ပေးခြင်း)၅.၆သန်း | ၁၁၃.၅၃၅ ဘီလီယံ |
| ၃ | စိုက်/မွေး/ဆည် | စပါးမျိုးစေ့ထုတ်လုပ်ငန်း၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း မျိုးငါးနှင့် သားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ Cash to Support Input၊ ကုန်ထုတ်လမ်းနှင့် ကျေးရွာအခြေခံ အဆောက်အအုံ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မွေးမြူးပညာပေးလုပ်ငန်းများ ရေလုပ်သားများအား ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် သင်တန်းပေးခြင်း၊ လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Cash for Jop Training၊ | ၉၂.၆၁၂ ဘီလီယံ |
| ၄ | လူ/ကယ်/ပြန် | အသက်(၈၀)နှစ်မှ (၈၄)နှစ်ကြား သက်ကြီး၊ ကိုယ်ဝန်ဆောင် ထောက်ပံ့ခြင်း၊ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများသို့ ရက်(၃၀)စာ ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ခြင်း IDPစခန်းနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သူများအား စားသောက်ကုန် (၅)မျိုးဝယ်ယူရန် ကုန်ကျငွေအား အိမ်ထောင်စုအလိုက် ထောက်ပံ့ခြင်း၊ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများရှိ အိမ်ထောင်စုများမှ မူလတန်းကျောင်းသား/ကျောင်းသူများအတွက် ကျောင်းစိမ်း ဝတ်စုံများ ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအား ထောက်ပံ့ခြင်း၊ အနာကြီးရောဂါသည်များအား ထောက်ပံ့ခြင်း၊ ပြည်ပနိုင်ငံများမှ လူကုန်ကူးခံရသူများနှင့် ပြည်တွင်း လူကုန်ကူးခံရသူများအား ထောက်ပံ့ခြင်း၊ | ၃၅.၉၂၃ ဘီလီယံ |
| ၅ | ကျန်းမာ/ အားကစား | ဆေးရုံအဆင့်မြှင့်တင်ခြင်းဆိုင်ရာ လိုအပ်မည့်ဆေး၊ ဆေးပစ္စည်းနှင့် စက်ကိရိယာများ ဝယ်ယူခြင်း၊ ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်နှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ သုံးစွဲခြင်း၊ | ၂၆၇.၉၀၃ ဘီလီယံ |
| ၆ | Teashop(Loan) | လက်ဖက်ရည်ဆိုင်၊ လမ်းဘေးဆိုင်များကို ထုတ်ချေးခြင်း၊ | ၁၀၀ ဘီလီယံ |
| ၇ | MFI(loan) | အသေးစားချေးငွေလုပ်ငန်းများ Micro Credit ထုတ်ချေး ပေးခြင်း၊ | ၁၀၀ ဘီလီယံ |
| ၈ | MSME fund (loan) | အသေးစားချေးငွေလုပ်ငန်းကော်မတီမှ SME လုပ်ငန်းများ ထုတ်ချေးပေးခြင်း၊ | ၂၀၀ ဘီလီယံ |
| ၉ | MADB(Loan) | လယ်သမားများ ၁ ဧက ၅၀၀၀၀ ကျပ် ထောက်ပံ့ခြင်း၊ | ၆၀၀ ဘီလီယံ |
| ၁၀ | လျှပ်စစ်ဓာတ်အားခ ကင်းလွတ်ခွင့် | (ဧပြီ/မေ/ဇွန်) | ၁၀၇.၃၇၉ ဘီလီယံ |
| ၁၁ | တနင်္သာရီတိုင်း ဓာတ်အားခ | | ၁.၅၁၈ ဘီလီယံ |
| | စုစုပေါင်း | | ၁၉၀၈.၀၈၅ ဘီလီယံ |

## စိုက်ပျိုးရေး Call Center က အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးခြင်းဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနသည် မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကပါဝင်နေသော တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်၊ တောင်သူများ နေ့စဉ်ကြုံတွေ့နေရသော စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲပြဿနာများကို နည်းပညာအရ ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန Call Center ကို နေပြည်တော် ရုံးအမှတ် (၄၃)၌ ဖွင့်လှစ်ထားရှိရာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်အထိ Hot line ဖြင့် ၁၂၃၈ ကြိမ်၊ Viber ဖြင့် ၁၅၈၇ ကြိမ်၊ Facebook ဖြင့် ၁၄၂၅ ကြိမ်၊ ကြိုးဖုန်းဖြင့် ၁၀၈၅ ကြိမ် စုစုပေါင်း ၅၃၃၅ ကြိမ် မေးမြန်းခဲ့ရာတွင် သီးနှံကာကွယ်ရေးဆိုင်ရာ အကြိမ် ၁၀၀၀၊ မြေအသုံးချရေးဆိုင်ရာ ၅၄၄ ကြိမ်၊ မျိုးစေ့ဆိုင်ရာ ၂၆၄ ကြိမ်၊ စိုက်ပညာဆိုင်ရာ အကြိမ် ၁၂၁၀၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝ ဆိုင်ရာ ၇၈၃ ကြိမ်၊ စက်မှုသီးနှံဆိုင်ရာ ၄၃၂ ကြိမ်၊ အထွေထွေဆိုင်ရာ ၁၁၀၂ ကြိမ်တို့ကို ဖြေကြားမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ဌာနခွဲများမှ ဝန်ထမ်း ၄၉ ဦးကို အဖွဲ့တစ်ဖွဲ့လျှင် ခုနစ်ဦးနှုန်းဖြင့် Call Center ဖြေကြားသူများအဖြစ် ဖွဲ့စည်းတာဝန်ချထားကြောင်း၊ တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ပတ်လျှင် တစ်ဖွဲ့စီ အလှည့်ကျ တာဝန်ထမ်းဆောင်ကြပြီး ပညာရှင်အရာထမ်း ၁၂ ဦးကို Contact Person အဖြစ် တာဝန်ပေးထားကာ Call Center က မေးမြန်းလာသော မေးခွန်းများကို သက်ဆိုင်ရာဌာနခွဲအလိုက် Contact Personများနှင့် ချိတ်ဆက်ပြီး အလှည့်ကျဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးခြင်းဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိကြောင်း။

Call Center သို့ ဆက်သွယ်မေးမြန်းခဲ့သည့် မေးခွန်းများမှ မေးမြန်းမှုအများဆုံးနှင့် တောင်သူလယ်သမားများအတွက် သိရှိရန်လိုအပ်သည့် ဖြေကြားချက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းတွင် ကျေးလက်ကွန်ရက် အစီအစဉ်အဖြစ် ရိုက်ကူးတင်ဆက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီများလိုအပ်ပါက Hot Line ၀၁-၂၃၉၉၅၅၅၊ ဖုန်း ၀၆၇-၃၄၁၀၁၃၉ သို့ ရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တိုက်ရိုက်ခေါ်ဆိုမေးမြန်းနိုင်ကြပါကြောင်း၊ Viber ၀၉-၇၆၄၀၀၀၈၄၁ နှင့် (စိုက်ပျိုးရေး ဦးစီးဌာန Call Center) Facebook Messenger များတွင်လည်း မေးမြန်းလိုသည့် အကြောင်းအရာရေးသားပေးပို့ခြင်း၊ လိုအပ်ပါက ဓာတ်ပုံများ ပူးတွဲပေးပို့ခြင်းတို့ဖြင့် မေးမြန်းနိုင်ကြကြောင်းနှင့် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်း စိတ်ဝင်စားသူများ၏ သိရှိလိုသည့် နည်းပညာရပ်ဆိုင်ရာ တုံ့ပြန်ဖြေကြားပေးမှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန Call Center နှင့် Greenway Application တို့ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ အခမ်းအနားကျင်းပမည့်နေရာ၊ အခမ်းအနားအစီအစဉ် ကြိုတင်ရေးဆွဲဆောင်ရွက်ရန်နှင့် အခမ်းအနားအတွက် စင်မြင့်ဆောက်လုပ်ရန် ဆောင်ရွက်မည့်အစီအစဉ်များ၊ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်ထားရေး၊ အသုံးစရိတ်များ စနစ်တကျသုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားပြီး ဆပ်ကော်မတီဝင်များက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

**ငြိမ်းကို (FDC)**

❍ MNL မှ

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ၅၉ မိနစ်တွင် ဇာနည်ထက်က တတိယဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းကစားခဲ့၍ စစ်ကိုင်းအသင်း အခွင့်အရေးပြန်ရလာသော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်းသည် ကိုးရက်အတွင်း ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်က နှစ်ကျော့စလုံး အနိုင်ရခဲ့ကာ ယခုပွဲတွင် ဒုတိယပိုင်း သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် ဇင်မင်းထွန်း၊ မိနစ် ၈၀ တွင် ကိသ်မာတူနာ၊ ၈၉ မိနစ်တွင် ဒွေးကိုကိုချစ်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၃) အပြီးတွင် ဟံသာဝတီအသင်းက ရမှတ် ၃၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရှောဝတီအသင်းက ၂၇ မှတ်၊ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းက ၂၃ မှတ်စီ၊ ရခိုင်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် စစ်ကိုင်းအသင်းက ၁၀ မှတ်စီ၊ အား/ကာသိပ္ပံနှင့် မကွေးအသင်းက ခုနစ်မှတ်စီ၊ Southern အသင်းက သုံးမှတ်ရရှိထားသည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ဘုန်းသော်

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၇ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၃၈ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် ရောင်းချသည့် ပစ္စည်းများ။ |
| ၃၉ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ကုန်စည်များ။ |
| ၄၀ | ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း ပြည်ပမှ ဝယ်ယူသည့် ကုန်စည်များ။ |
| ၄၁ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၄၂ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၃ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။

( ဂ ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့်ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများကရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှ ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူ ခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ပြည်ထောင်စုအစိုးရအဖွဲ့ကဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ညှော့ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိက အသေးစားလျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၀ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၁ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၂ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၃ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

( င ) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( စ ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် မရှိစေရ။

( ဇ ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်စေရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

( ခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (de minimis value threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လ အပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လအတွင်း ရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကလေးဦးရေ ၄၈၀၀၀၀ နီးပါးရှိလာ



ဝါရှင်တန် စက်တင်ဘာ ၄

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု စတင်ဖြစ်ပွားစဉ်မှစ၍ လတ်တလော ကာလအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည့် ကလေးဦးရေ ၄၈၀၀၀၀ နီးပါးရှိကြောင်း အမေရိကန်ကလေးသူငယ်စောင့်ရှောက်ရေးအကယ်ဒမီနှင့် ကလေးဆေးရုံများအသင်းမှ ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အမေရိကန်ပြည်ထောင်စုအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူအားလုံးအနက် ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကလေးသူငယ်များဖြစ်ပြီး ရောဂါပိုးကူးစက်ခြင်းခံရသူ ကလေးဦးရေ ၄၇၈၄၃၉ ဦးရှိကြောင်း ဩဂုတ် ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

**၁၇ ရာခိုင်နှုန်းအထိ မြင့်တက်လာ**

လူဦးရေအချိုးအစားဖြင့်ဆိုပါက နိုင်ငံတွင်းရှိ ကလေးဦးရေ ၁၀၀၀၀၀ လျှင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၃ ဦးရှိကြောင်း ဖော်ပြနေပြီး ဩဂုတ် ၁၃ ရက်မှ ၂၇ ရက်အထိ အမေရိကန်နိုင်ငံအတွင်း၌ ရောဂါကူးစက်ခံရသူကလေးငယ် ၇၀၃၃၀ ရှိကြောင်းနှင့် ရက်သတ္တနှစ်ပတ်အတွင်း ရောဂါကူးစက်ခံရသည့် ကလေးငယ်အရေအတွက် ၁၇ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

ရောဂါကူးစက်ခံရသည့် ကလေးငယ်များအနက် ဆေးရုံတက် ကုသမှုခံယူနေရသည့် အရေအတွက်မှာ သုည ဒသမ ၆ ရာခိုင်နှုန်းမှ ၄ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်းနှင့် ယင်းရောဂါဖြင့် သေဆုံးခဲ့သည့် ရာခိုင်နှုန်းမှာ သုည ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဇော်ဝင်း



# ကိုဗစ်လွန်ကာလ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ယူရို ဘီလီယံ ၁၀၀ ပြင်သစ်အစိုးရသုံးစွဲမည်

ပါရီ စက်တင်ဘာ ၄

ပြင်သစ်နိုင်ငံက ကိုဗစ်လွန်ကာလ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ယူရို ဘီလီယံ ၁၀၀ (ကန်ဒေါ်လာ ၁၁၈ ဘီလီယံ)ခန့် သုံးစွဲသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်သစ်အစိုးရက အဆိုပါငွေကြေးအစီအစဉ်ကို “France Reboot” ဟု အမည်ပေးထားသည်။ ယင်းသုံးစွဲမည့် ငွေကြေးပမာဏသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေး ပျက်ကပ်ဖြစ်ပေါ်ခဲ့ပြီးနောက် စီးပွားရေးပြန်လည်ဦးမော့လာစေရန် သုံးစွဲခဲ့သည့် ငွေကြေးပမာဏထက် လေးဆကျော်ခန့် ပိုမိုများပြားကြောင်း တွေ့ရှိရသည်။

အဆိုပါ ငွေကြေးအစီအစဉ်ကို ၂၀၂၂ ခုနှစ်မတိုင်မီ နိုင်ငံ၏စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် သုံးစွဲမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် ပြီးခဲ့သော သုံးလ (ဧပြီလမှ ဇွန်လအထိ)အတွင်း ၁၄ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

ငွေကြေးအစီအစဉ်၏ သုံးပုံတစ်ပုံကို ရထားလမ်းများ အဆင့်မြှင့်တင်ရေးအပါအဝင် ဟိုက်ဒရိုဂျင်ကဲ့သို့သော စွမ်းအင်အရင်းအမြစ်များဖွံ့ဖြိုးရေးအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် အခွန်အခလျှော့ချ ကောက်ခံမှုများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ရုရှားအရှေ့ဖျားဒေသ၌ တိုင်ဖုန်းမုန်တိုင်း မေဆတ်ခ် တိုက်ခတ်မှုကြောင့် သုံးဦးသေ၊ အများအပြား ဒဏ်ရာရ

မော်စကို စက်တင်ဘာ ၄

ရုရှားနိုင်ငံအရှေ့ဖျားဒေသ၌ ယမန်နေ့က တိုင်ဖုန်းမုန်တိုင်း မေဆတ်ခ်တိုက်ခတ်မှုကြောင့် လူသုံးဦးထက် မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ပြောကြားခဲ့သည်။

တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မော်စကိုမြို့တော်အရှေ့ဘက် ကီလိုမီတာ ၆၅၀၀ အကွာ ပရိုင်မော်ရီဒေသရှိ သင်္ဘောကျင်းတစ်ခုမှ ရုရှားရေတပ်၏ စစ်သင်္ဘောအချို့နှင့် ရေငုပ်သင်္ဘောများ ပျက်စီးမှုအချို့ရှိခဲ့ကြောင်း ရုပ်သံဖိုင်များက ပြသခဲ့သည်။ ရေပေါ်ကရိန်းတစ်ခု ပြိုကျမှုကြောင့် အမှုထမ်းနှစ်ဦး သေဆုံးခဲ့ပြီး သစ်ပင်လဲကျမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ရာ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ သုံးဦးအထိ ရှိလာခဲ့ကြောင်း ဒေသန္တရအစိုးရက ပြောကြားခဲ့သည်။

လူ ၅၅ ဦးထက်မနည်း မစိုးရိမ်ရဒဏ်ရာများ ရရှိမှုကြောင့် ဆေးကုသမှုခံယူခဲ့ရကြောင်း ဒေသန္တရအစိုးရအဖွဲ့က ပြောကြားခဲ့သည်။ လူဦးရေ ၁ ဒသမ ၉ သန်းနေထိုင်ရာ အဆိုပါဒေသ၌ လူပေါင်း ၁၅၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၄၃ မီတာအထိ ရောက်ရှိခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့သည်။ တိုင်ဖုန်းမုန်တိုင်း မေဆတ်ခ်မှာ ယမန်နေ့က ကိုရီးယားကျွန်းဆွယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူနှစ်ဦး သေဆုံးပြီး လေကြောင်းခရီးစဉ်အချို့ ဖျက်သိမ်းသို့မဟုတ် ဆိုင်းငံ့ ခဲ့ရသည်။

တိုင်ဖုန်းမုန်တိုင်း မေဆတ်ခ်သည် ယခုနှစ်အတွင်း နဝမမြောက် မုန်တိုင်းဖြစ်သကဲ့သို့ ကိုရီးယားကျွန်းဆွယ်သို့ဝင်ရောက်တိုက်ခတ်သည့် စတုတ္ထမြောက်မုန်တိုင်းလည်း ဖြစ်ခဲ့သည်။

ကိုးကား-မော်စကိုတိုင်းမ်
ဘာသာပြန်-ကျော်ထိုက်စိုး

# ဘရာဇီး လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Embraer က ဝန်ထမ်းအင်အား ၄ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချမည်

ဆော်ပိုလို စက်တင်ဘာ ၄

ဘရာဇီးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Embraer က ဝန်ထမ်းအင်အား ၄ ဒသမ ၅ ရာခိုင်နှုန်းခန့် လျှော့ချသွားမည်ဖြစ်ကြောင်း ယနေ့ကြေညာခဲ့သည်။

အဆိုပါကုမ္ပဏီ၏ ဝန်ထမ်းအင်အားလျှော့ချမှုကြောင့် အလုပ်လက်မဲ့ဦးရေ ၉၀၀ နီးပါး ရှိလာမည်ဖြစ်ကြောင်း သိရသည်။




ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာ့စီးပွားရေးပျက်ကပ်ဆိုက်လျက်ရှိသည့်အတွက် မိတ်ဖက်ကုမ္ပဏီဖြစ်သည့် ဘိုးရင်းမှ လေယာဉ်မှာယူမှုများလည်း ပြန်လည်ဖျက်သိမ်းခဲ့ကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်အတွင်း Embraer ကုမ္ပဏီ၏ လေယာဉ်ထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၇၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ
၂၆၅၄၇၄၁၉ ဦး

သေဆုံးသူ
၈၇၄၄၂၄ ဦး

ပြန်လည်ကျန်းမာလာသူ
၁၈၇၃၂၁၆၀ ဦး

# တာလီဘန်အကျဉ်းသား ၅၀၀၀ နီးပါး လွှတ်ပေးခဲ့ကြောင်း အာဖဂန်အစိုးရ ပြောကြား

ကာဘူး စက်တင်ဘာ ၄

တာလီဘန်စစ်သွေးကြွအဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများ စတင်နိုင်ရေးအတွက် တာလီဘန်စစ်သွေးကြွ အကျဉ်းသား ၅၀၀၀ နီးပါးကို ပြန်လည်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း အာဖဂန်နစ္စတန်အစိုးရက စက်တင်ဘာ ၃ ရက်က ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အမေရိကန်နှင့် တာလီဘန်စစ်သွေးကြွအဖွဲ့တို့အကြား ရရှိသော ငြိမ်းချမ်းရေးသဘောတူညီချက်အရ အာဖဂန်နစ္စတန် အစိုးရနှင့် တာလီဘန်အဖွဲ့တို့ နှစ်ဖက်စလုံးမှ ထိန်းသိမ်းထားသည့် အကျဉ်းသားများအား လွှတ်ပေးခဲ့ကြသည်။

တာလီဘန်စစ်သွေးကြွအကျဉ်းသား ၅၀၀၀ နှင့် အခြားသူများအား လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း အာဖဂန်အစိုးရသတင်းရင်းမြစ်များစွာက အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။ သို့သော် အချို့အကျဉ်းသားများမှာ လူသတ်မှုကဲ့သို့ ကြီးလေးသောပြစ်မှုများ၌ ပါဝင်ပတ်သက်နေခြင်းကြောင့် ၎င်းတို့အား လွှတ်ပေးရန် သင့်မသင့်အား နိုင်ငံတကာမိတ်ဖက်များနှင့် ဆွေးနွေးတိုင်ပင်ပြီးမှ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အာဖဂန်အစိုးရက ပြောကြားသည်။

အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များနှင့် အခြားအကျဉ်းသားအားလုံးကို ၎င်းတို့ဘက်မှ ပြန်လွှတ်ပေးခဲ့ပြီးဖြစ်၍ ၎င်းတို့၏ အကျဉ်းသားများအားလုံးကို အမြန်ဆုံး ပြန်လွှတ်ပေးရန် အာဖဂန်နစ္စတန်အစိုးရအား တာလီဘန်စစ်သွေးကြွအဖွဲ့က တောင်းဆိုထားသည်။

အမေရိကန်နှင့် တာလီဘန်စစ်သွေးကြွအဖွဲ့တို့ ဖေဖော်ဝါရီလအတွင်း ရရှိခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်အရ အာဖဂန်နစ္စတန်အစိုးရက ထိန်းသိမ်းထားသည့် တာလီဘန်စစ်သွေးကြွ အကျဉ်းသား ၅၀၀၀ ကျော်နှင့် တာလီဘန်တို့က ထိန်းသိမ်းထားသည့် အစိုးရစစ်သည် အကျဉ်းသားဦးရေ ၁၀၀၀ ကို ငြိမ်းချမ်းရေးဆွေးနွေးမှုများ မစတင်မီ ပြန်လွှတ်ပေးကြရမည်ဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည့် KTV၊ Bar ၊ အနှိပ်ခန်းနှင့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေသည့် နေအိမ်၊ ဆိုင်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည့် KTV၊ Bar ၊ အနှိပ်ခန်းနှင့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေသည့် နေအိမ်၊ ဆိုင်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လတ်တလော ဖြစ်ပေါ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအား ထိရောက်စွာ ထိန်းချုပ်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် လုပ်ငန်းကော်မတီက KTV၊ Bar ၊ အနှိပ်ခန်းများ ဖွင့်လှစ်လုပ်ကိုင်ခြင်းမပြုရန် ထုတ်ပြန်ထားသော်လည်း တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း၌ လိုက်နာခြင်းမရှိဘဲ တရားမဝင် ဖွင့်လှစ်လုပ်ကိုင်နေသည့် နေအိမ်၊ ဆိုင်များအား စက်တင်ဘာ ၂ ရက်နှင့် ၃ ရက် ညများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ KTV ဆိုင် တစ်ဆိုင်၊ ပြည့်တန်ဆာအိမ် နှစ်အိမ်တို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ လုပ်ကိုင်သူအမျိုးသမီးများနှင့် ဧည့်သည် စုစုပေါင်း ၁၃ ဦးအား လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ KTV ဆိုင် တစ်ဆိုင်မှ ပိုင်ရှင်၊ ဆိုင်ဝန်ထမ်း စုစုပေါင်း လေးဦးအား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ရှိ KTV ဆိုင် တစ်ဆိုင်မှ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် လာရောက်သီဆိုသူ စုစုပေါင်း ၁၆ ဦးအား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် တောင်ငူမြို့တို့ရှိ တရားမဝင် အနှိပ်ခန်း နှစ်ခန်းမှ ပိုင်ရှင်၊ အနှိပ်သမများနှင့် လာရောက်အနှိပ်ခံသူ စုစုပေါင်း ၂၀ အား လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် ဆောမြို့တို့ရှိ တရားမဝင်အနှိပ်ခန်း နှစ်ခန်းမှ ပိုင်ရှင်၊ မန်နေဂျာ၊ အနှိပ်သမများနှင့် လာရောက်အနှိပ်ခံသူ စုစုပေါင်း ၃၁ ဦးအား လည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့ရှိ တရားမဝင်အနှိပ်ခန်း သုံးခန်းမှ ပိုင်ရှင်၊ မန်နေဂျာ၊ အနှိပ်သမများနှင့် လာရောက်အနှိပ်ခံသူ စုစုပေါင်း ၃၂ ဦးအား လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ KTV ဆိုင် တစ်ဆိုင်မှ ပိုင်ရှင် တစ်ဦးအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တာမွေမြို့နယ်တို့မှ KTV၊ Bar ဆိုင် နှစ်ဆိုင်၊ တရားမဝင်အနှိပ်ခန်း တစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ အနှိပ်သမများနှင့် ဧည့်သည် စုစုပေါင်း ၅၂ ဦးအား လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့၊ လားရှိုးမြို့နှင့် တာချီလိတ်မြို့တို့ရှိ KTV၊ Bar ဆိုင် လေးဆိုင်မှ ပိုင်ရှင်၊ မန်နေဂျာနှင့် လာရောက်သီဆိုသူ စုစုပေါင်း ၃၆ ဦးအား လည်းကောင်း။

စုစုပေါင်း တိုင်းဒေသကြီး/ပြည်နယ် ကိုးခု၊ မြို့နယ် ၁၈ မြို့နယ်တို့မှ KTV၊ Bar ၁၀ ဆိုင်၊ အနှိပ်ခန်း ရှစ်ခန်း၊ ပြည့်တန်ဆာအိမ် နှစ်အိမ်နှင့် ဖမ်းဆီးရမိသူ ၂၀၅ ဦးတို့ အား သက်ဆိုင်ရာမြို့နယ်များ၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ကျိုင်းတုံ၊ နမ့်ခမ်းနှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ကော်အားကို(၃)ကျေးရွာနေ တားထူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ၎င်း၏ ဇနီး မမာရိအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့ မန့်နားကောင်းရပ်ကွက်နေ မရှောမေ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်ရှိ တာဝါတိုင်အနီးတွင် ရန်တင်ဖာ မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မန့်ဆာ-ခိုဝိန်း သွားကားလမ်း၌ ကျန်ဇီဖင့် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပဲနွယ်ကုန်းမြို့၌ နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွား

**ကျောက်တံခါး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ သံမဏိရပ်ကွက် (၅)လမ်းတွင် ယမန်နေ့ ညနေပိုင်းက လူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးကျော်ကျော် သံမဏိရပ်ကွက် (၅)လမ်း ပဲနွယ်ကုန်းမြို့ ကျောက်တံခါးမြို့နယ်နေသူ၏ နေအိမ်မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်မှ စတင်မီးလောင်ကျွမ်းခဲ့ပြီး ၎င်း၏အိမ်နှင့် ခြံဝင်းအတွင်းရှိ တစ်ထပ်အိမ်ကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့၍ မီးသတ်ယာဉ် လေးစီးနှင့်အတူ ရပ်ကွက်နေပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ မိနစ် ၂၀ အကြာတွင် လုံးဝမီးငြိမ်းသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းက ကျော်ကျော်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)




# တရားမဝင် ကျွန်းသစ်စကွဲယားတုံးများ တင်ဆောင်လာသောယာဉ်အား ဖမ်းဆီးရမိ

**ဘောလခဲ စက်တင်ဘာ ၄**

ကယားပြည်နယ် ဘောလခဲ-ဒေါ်တမကြီးကားလမ်း ကယားပိုင်းရပ်ကွက် မြို့မဗဟိုဘုန်းကြီးကျောင်းရှေ့တွင် ယနေ့ နံနက် ၄ နာရီခွဲက တရားမဝင်သစ်များ တင်ဆောင်လာသောယာဉ်အား ဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးနိုင်မျိုးအောင်နှင့် ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၄ နာရီခွဲက ဘောလခဲ-ဒေါ်တမကြီးလမ်း ကယားပိုင်းရပ်ကွက် မြို့မဗဟိုဘုန်းကြီးကျောင်းရှေ့တွင် လွိုင်ကော်မြို့ နာနတ်တောရပ်ကွက် ချယ်ရီလမ်း အမှတ်(၁၃၉)နေ ယာဉ်မောင်း ဦးလှဖြူ မောင်းနှင်လာသော ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းစကွဲယားတုံး တန်ဝက်အား သိမ်းဆည်းရမိခဲ့သည်။

**လှရွှေ**

# ပြည်ကြီးတံခွန်မြို့နယ်၌ ရွှေဆွဲကြိုးဖြတ် လုယက်ထွက်ပြေးသွားသူ အမျိုးသမီးနှစ်ဦးအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ


**မန္တလေး စက်တင်ဘာ ၄**

ပြည်ကြီးတံခွန်မြို့နယ်၌ ယနေ့ နံနက်ပိုင်းတွင် အမျိုးသမီးနှစ်ဦးက ရွှေဆွဲကြိုးဖြတ်၍ ရန်အောင်ဈေးအတွင်းသို့ ထွက်ပြေးသွားကြောင်း သတင်းအရ ပြည်ကြီးတံခွန် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇင်ဘိုထူးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များနှင့် ဈေးတာဝန်ရှိသူများက လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ နာရီပိုင်းအတွင်း ရွှေဆွဲကြိုးဖြတ်ယူသွားသော မနွယ်နွယ်အောင်နှင့် မမိုးပြာတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ၍ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၄**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာ ၅ ရက်တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ပုပုတို့သူငယ်ချင်းတစ်စုသည် ငယ်ရွယ်သူများဖြစ်သော်လည်း လူကြီးသူမများအပေါ် ရိုသေကိုင်းရှိုင်းပြီး နားလည်သိတတ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် နေပါစေ ဒေါ်ဒေါ်" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာပေါ်ရှိ သက်ရှိအရာများ၏ အစာစွမ်းအင်စီးဆင်းပုံအကြောင်းကို ကလေးတို့ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် သုတဆောင်းပါး၊ ရွာသူရွာသားများ ကြောက်လန့်နေကြသော ညသန်းခေါင်ယံအချိန်တွင် ထွက်ပေါ်လာတတ်သည့် မကောင်းဆိုးဝါးတစ်ကောင်၏ သရုပ်မှန်ကို ဖော်ထုတ်ပေးနိုင်ခဲ့သည့် ကျောင်းဆရာ ဦးအောင်ကြီး အကြောင်းကို ရေးဖွဲ့ထားသည့် "မကောင်းဆိုးဝါး" နှစ်မျက်နှာကာတွန်း၊ မိမိ၏ အစအနောက်သန်မှုကြောင့် သူတစ်ပါးအား ဘေးဒုက္ခရောက်စေခဲ့သောကြောင့် နောင်တွင် နောက်ပြောင်ခြင်းမပြုရန် ကတိစကားဆိုသော ကျောင်းသားလေး ဇော်မောင်အကြောင်းကိုရေးဖွဲ့ထားသည့် "မနောက်ပြောင်ရဲတော့ပါ" ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကလေးကာတွန်းပန်းချီ စာမူဖိတ်ခေါ်ခြင်းဆိုင်ရာ ကြော်ငြာကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
၆၄
ရက်သာ
လိုတော့သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

## အထွေထွေရွေးကောက်ပွဲကို
## ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ ဧည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ကျိုက်မရောဒ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော စက်တင်ဘာ ၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတိုင်း မဲပေးပိုင်ခွင့်ရရှိရေးအတွက် မဲစာရင်းများတွင် အမည်များ မှန်ကန်မှုရှိရေးနှင့် ကျန်ရှိမှုများ မဖြစ်ပေါ်စေရေးအတွက် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ယနေ့နံနက် ၉ နာရီတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ တာဝန်ကျရာ ကျေးရွာအသီးသီးရှိ သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ မြေပြင်ရှိမဲဆန္ဒရှင်များအား တစ်အိမ်တက်ဆင်းကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်မရောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးကျော်ကျော်နှင့် အဖွဲ့များက လမခိုကျေးရွာနှင့် ခနောင်ကျေးရွာများရှိ မဲဆန္ဒရှင်စာရင်းများ ပြည်စုံမှန်ကန်မှုရှိစေရန် အိမ်တိုင်ရာရောက် ကွင်းဆင်း၍ တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးပေးခဲ့ကြကြောင်း သိရသည်။

ချို့မြတ်မြတ်ထွေး
(ပြန်/ဆက်)



# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၄-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၉၃၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၃၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၉၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မှ ဓာတ်ခွဲနမူနာ (၃)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၆) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု
- စုစုပေါင်း (၁,၆၄၂)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈) ဦး တွေ့ရှိရပါသည်။

၂။ (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၇၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၅၉) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၅၆) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၇)ဦး ရှိပါသည်။

၅။ (၃-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၄-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉၈) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**(၄-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၆၄၂) ခုအနက် အတည်ပြုလူနာ (၃၈) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၈ |
| ၂ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ်* | ၁ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၁ |
| | | သယ်န်းကျွန်းမြို့နယ် | ၁ |
| | | ပန်းပဲတန်းမြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| | | တွံတေးမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁ |
| ၄ | မွန်ပြည်နယ် | ကျိုက်ထိုမြို့နယ်** | ၁ |
| ၅ | ရခိုင်ပြည်နယ် | ပုဏ္ဏားကျွန်းမြို့နယ် | ၃ |
| | | ဘူးသီးတောင်မြို့နယ် | ၂ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| ၆ | နေပြည်တော် | ဒက္ခိဏသီရိမြို့နယ် | ၂ |
| | | ဇမ္ဗူသီရိမြို့နယ် | ၂ |
| | | ဥတ္တရသီရိမြို့နယ် | ၁ |
| | | ပျဉ်းမနားမြို့နယ် | ၁ |
| | | တပ်ကုန်းမြို့နယ် | ၁ |

(*) ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

(**) Stay at home သတ်မှတ်ထားသောမြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် ကျိုက်ထိုမြို့တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၄-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃၅) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၃၂) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၄) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မြောင်းမြမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပြင်ဦးလွင်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃)ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဟားခါးမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လှိုင်ကော်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃၈) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃၈) ဦး | (၁,၁၇၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၇) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၆၈၀၇၅ | ၁၁၇၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၉ | ၇ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၈၆၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၅၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၅၁၀ | ၆ |
| ၂ | ရခိုင် | ၅၀၅ | |
| ၃ | ပဲခူး | ၃၉ | ၁ |
| ၄ | မွန် | ၂၂ | |
| ၅ | ချင်း | ၁၉ | |
| ၆ | မန္တလေး | ၁၉ | |
| ၇ | နေပြည်တော် | ၁၁ | |
| ၈ | စစ်ကိုင်း | ၁၀ | |
| ၉ | ရှမ်း(တောင်) | ၈ | |
| ၁၀ | ကရင် | ၆ | |
| ၁၁ | တနင်္သာရီ | ၆ | |
| ၁၂ | မကွေး | ၅ | |
| ၁၃ | ရှမ်း(မြောက်) | ၃ | |
| ၁၄ | ရှမ်း(ရှေ့) | ၃ | |
| ၁၅ | ဧရာဝတီ | ၃ | |
| ၁၆ | ကချင် | ၂ | |
| စုစုပေါင်း | | ၁၁၇၁ | ၇ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၄-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၃၃၈၁၁၉ | ၃၅၇၅၈၆၆ | ၁၉၁၁၃၇ |
| ၂။ | ဘရာဇီး | ၄၀၄၆၁၅၀ | ၃၂၄၇၆၁၀ | ၁၂၄၇၂၉ |
| ၃။ | အိန္ဒိယ | ၃၉၇၁၆၇၀ | ၃၀၆၇၆၇၂ | ၆၈၈၇၈ |
| ၄။ | ရုရှား | ၁၀၁၅၁၀၅ | ၈၃၂၇၄၇ | ၁၇၆၄၉ |
| ၅။ | ပီရူး | ၆၇၀၁၄၅ | ၄၈၉၈၈၆ | ၂၉၄၀၅ |
| ၆။ | ကိုလံဘီယာ | ၆၄၁၅၇၄ | ၄၈၉၁၅၁ | ၂၀၆၁၈ |
| ၇။ | တောင်အာဖရိက | ၆၃၃၀၁၅ | ၅၅၄၈၈၇ | ၁၄၅၆၃ |
| ၈။ | မက္ကဆီကို | ၆၁၆၈၉၄ | ၄၃၀၂၈၇ | ၆၆၃၂၉ |
| ၉။ | စပိန် | ၄၈၈၅၁၃ | စိစစ်ဆဲ | ၂၉၂၃၄ |
| ၁၀။ | အာဂျင်တီးနား | ၄၅၁၁၉၈ | ၃၃၁၆၂၁ | ၉၄၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၃၂၀၇၂ | ၁၆၀၅၄၉ | ၃၇၃၇ |
| ၂။ | အင်ဒိုနီးရှား | ၁၈၇၅၃၇ | ၁၃၄၁၈၁ | ၇၈၃၂ |
| ၃။ | စင်ကာပူ | ၅၆၉၄၈ | ၅၆၁၇၄ | ၂၇ |
| ၄။ | မလေးရှား | ၉၃၈၅ | ၉၀၉၂ | ၁၂၈ |
| ၅။ | ထိုင်း | ၃၄၃၁ | ၃၂၇၇ | ၅၈ |
| ၆။ | မြန်မာ | ၁၁၇၁ | ၃၅၉ | ၇ |
| ၇။ | ဗီယက်နမ် | ၁၀၄၉ | ၇၇၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၄ | ၂၇၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၂ | ၂၁ | ၀ |

# ခွဲခြားဆက်ဆံခြင်း မဟုတ်



**ရခိုင်ပြည်နယ်နှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အရေးပေါ်စီမံကိန်းများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားသည့်အခါ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ချက်များတွင် အရေးအကြီးဆုံးကိစ္စသည် ရောဂါမပြန့်ပွားရေးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများကို အပြင်မထွက်ကြရန် ပြောကြားသည်မှာ ဒဏ်ပေးခြင်းမဟုတ်ပါကြောင်း၊ တစ်နိုင်ငံလုံးသို့ ရောဂါပြန့်ပွားသွားလျှင် အားလုံးကို ထိထိရောက်ရောက် စောင့်ရှောက်မှုပေးရန် များစွာခက်ခဲပါကြောင်း၊ တစ်နေရာထဲတွင် စောင့်ရှောက်မှုပေးရသည်မှာ ပိုမိုထိရောက်လွယ်ကူပါကြောင်း၊ မိမိတို့တွင် ရှိသည့် အရင်းအမြစ်များဖြင့် ပို၍ ပိုင်ပိုင်နိုင်နိုင်လုပ်ဆောင်နိုင်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်မှ ပြင်ပသို့ မသွားရောက်ကြရန် ပိတ်ပင်ထားခြင်းသည် ရောဂါရှိသူများကို ခွဲခြားဆက်ဆံခြင်း မဟုတ်ပါကြောင်း၊ ထိထိရောက်ရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးနှင့် အုပ်ချုပ်မှုအရ စီမံမှုပေးနိုင်ရန်ဖြစ်ပါကြောင်း။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၃-၉-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ(၁,၃၂၇)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ(၁၄၀)ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်(၂၂)ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၃-၉-၂၀၂၀)ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဓာတ်ခွဲနမူနာ (၁,၈၅၈) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ(၂၈၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ(၁၈၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ(၉၄)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၅၃)ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၉)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မှ ဓာတ်ခွဲနမူနာ (၁၂)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ(၁)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မှ ဓာတ်ခွဲနမူနာ (၁)ခု၊

စုစုပေါင်း (၂,၅၉၄) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၇၅)ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၃)ဦး တွေ့ရှိကြောင်းကို (၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၃၃)ဦး ရှိပြီဖြစ်ပါသည်။

၄။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အသက်(၄၆)နှစ်အရွယ် အရေပြား လေးဖက်နာရောဂါအခံရှိသူ COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (Case–1023)သည် နောက်ဆုံးအဆင့် ကျောက်ကပ်ပျက်စီးခြင်း၊ ရုတ်တရက် နှလုံးစည်းချက်မမှန်ဖြစ်ပြီး နှလုံးအမောဖောက်ခြင်းကြောင့် (၃-၉-၂၀၂၀) ရက်နေ့၊ ည (၁၀:၃၀) နာရီအချိန်တွင် သေဆုံးသွားပါသည်။

၅။ သို့ဖြစ်ရာ (၄-၉-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအချိန်အထိ COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၇)ဦးရှိပြီဖြစ်ပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာသစ်(၇၅)ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**(၃-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံစစ်ဆေးခဲ့သောဓာတ်ခွဲနမူနာ (၁,၄၆၇) ခုအနက် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂၂)ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ်မြို့နယ် | ၄ |
| | | သဃ်န်းကျွန်းမြို့နယ် | ၃ |
| | | တာမွေမြို့နယ် * | ၂ |
| | | မရမ်းကုန်းမြို့နယ် | ၂ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | သာကေတမြို့နယ် | ၁ |
| | | လှိုင်မြို့နယ် | ၁ |
| | | ဗိုလ်တထောင်မြို့နယ် | ၁ |
| | | ကျောက်တံတားမြို့နယ် | ၁ |
| | | လမ်းမတော်မြို့နယ် | ၁ |
| | | ရန်ကင်းမြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| ၂။ | မကွေးတိုင်းဒေသကြီး | အောင်လံမြို့နယ် | ၁ |
| ၃။ | ရခိုင်ပြည်နယ် | အမ်းမြို့နယ် | ၁ |
| စုစုပေါင်း | | | ၂၂ |

(*) တစ်ဦးမှာ ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိပါသည်။

**COVID–19 ရောဂါအတွက်<br>ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်<br>(၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁,၃၂၇) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၀) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၂) ဦး |

**COVID–19 ရောဂါအတွက်<br>ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်<br>(၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂၂) ဦး | (၁,၁၃၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၁) ဦး | (၇) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



# စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၁ ဦးအား မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၁၆ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေ့နေနှင့် ဇေယျရသစာတမ်းများ

ဦးဟန်ညွန့် (ဥပဒေ)



**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

" ရွှေ့နေနှင့်ဇေယျရသစာတမ်းများပါတဲ့ "

"ဘာကိုဆိုလိုတာလဲဆရာ"

"စာရေးဆရာကြီး ဇေယျရေးတဲ့ ရသစာတမ်းများ စာအုပ်အကြောင်း ရေးသားတင်ပြချင်တာပါ။"

"စိတ်ဝင်စားပါတယ်ဆရာ"

"ဒါဖြင့် .. ဖတ်ကြည့်ကြစို့ "

**ဇေယျရသစာတမ်းများ**

ဇေယျရသစာတမ်းများအမည်ရှိစာအုပ်ကို ရန်ကုန်မြို့ ရှုဝံစာအုပ်တိုက်က ၂၀၁၂ ခုနှစ် မေလတွင် ပုံနှိပ်ထုတ်ဝေသည်။ စာရေးဆရာကြီး ဇေယျ(၁၉၀၀-၁၉၈၂)၏ဓာတ်ပုံကို မျက်နှာဖုံးတွင် ဖော်ပြသည်။ သူကြီးဂေဇက်သတင်းစာတွင် ၁၉၃၂ မှ ၁၉၃၈ ခုနှစ်အတွင်း အပတ်စဉ် ဆရာကြီး ရေးသားခဲ့သော အယ်ဒီတာမှတ်ချက်(စာတမ်း)များကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်ပါသည်။

ဆရာဇေယျသည် ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလထဲတွင် အလုပ်ဝင်ပြီး ၁၉၃၁ ခု ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ အစိုးရအမှုထမ်းဖြစ်လာခဲ့သည်။ ထိုအခါ အစိုးရအမိန့်ကြော်ငြာများကို တာဝန်ယူ၍ မြန်မာဘာသာပြန်ဆိုပေးရသည်။ သူကြီးဂေဇက်သတင်းစာအတွက် ရေးကဗျာ ကောက်နုတ်ချက်နှင့် အဖွင့်ကို ရေးရသည်။ အယ်ဒီတာမှတ်စုနှင့် မှတ်ချက်တို့ကိုလည်း ရေးရသည်။

**အယ်ဒီတာမှတ်ချက်ဆိုသည်မှာ**

အယ်ဒီတာမှတ်ချက်ဆိုသည်မှာ အခြံအရံ၊ ပျော်ရွှင်မှု၊ အတတ်နည်းသော်အဆိပ်၊ မိုး၊ ကြောက်ရွံ့မှု အမှုပြီးသည်။ ဆိုးတူကောင်းဖက် စသော ခေါင်းစဉ်များဖြင့် စာတိုကလေးများ ဖြစ်ကြသည်။ ဤသည်မှာ သတင်းမှတ်ချက်သက်သက်မဟုတ်၊ လောကကြောင်းခြင်းရာများကို အတွေးနှောကာ တိုတိုစိစိကလေး ရေးသားထားသော အက်ဆေး(စာတမ်းငယ်)ဆန်ဆန်စာများဖြစ်သည်။ နီတိသံလည်းပါသည်။ ဖတ်ချင့်စဖွယ်လည်းရှိသည်။

**ဇေယျစာအုပ်တွင် ဆရာတိုက်စိုး၏အကဲဖြတ်ချက်**

ဆရာတိုက်စိုးက-

ဇေယျသည် ရိုးရာစာပေမှ အစီအကုံး အလေ့အကျင့်ရထား၏။ စိတ်ကူးဉာဏ်၊ ဖန်တီးဉာဏ်လည်းရှိ၏။ တစ်ဖန် ကျောင်းနေရင်း၊ အလုပ်လုပ်ရင်း ဘေကွန်နှင့် ကာလိုင်း စသူများ၏ အက်ဆေး (စာတမ်းငယ်)မျိုးတွေကို ဝယ်ယူဖတ်ရှုခဲ့လေသည်။ အက်ဆေး(စာတမ်းငယ်)နှင့် ဝေဖန်စာအလေးကဲသော ဂျွန်အိုလန်ဒန်ဂျာနယ်မျိုးနှင့်လည်း သူရင်းရင်းနီးနီးရှိလေသည်။ ထိုအခါ သူ့သန္တာန်တွင် အက်ဆေး (စာတမ်းငယ်) သဘောသကန် စိမ့်ဝင်နေခဲ့သည်ဟု ဆိုရလိမ့်မည်။ အက်ဆေး (စာတမ်းငယ်) မည်သည် အကြောင်းကိစ္စတစ်ရပ်ကို အကျိုးသင့် အကြောင်းသင့် တင်ပြရုံသက်သက် စကားမျိုးမဟုတ်။ သတင်းပေးဆောင်းပါးလို ခြောက်ကပ်ကပ်မနေ၊ ထိုအဆင့်ကိုကျော်၍ မိမိတွေ့ဆုံ ခံစားချက်ကို ရင်းရင်းနီးနီး တင်ပြတတ်သော အတွင်းစိတ်အရိပ်ထင်စေသော စာပုံသဏ္ဍာန်မျိုးဖြစ်လေသည်ဟု အကဲဖြတ်ရေးသားခဲ့သည်။

**မာတိကာ**

ဆရာကြီး ဇေယျက စာတမ်းပေါင်း ၁၂၂ စောင် ရေးသားခဲ့သည်ကို ဖတ်ရသည်။ ထိုသို့ရေးသားရာတွင် "စကား၊ မကြောက်အပ်သောအမှားအယွင်းများ၊ အရိပ်နှင့်အကောင်၊ ပညာဟူသည် မြတ်ရွှေအိုးခေါင်းစဉ်များ အပါအဝင် လုံ့လဝီရိယ၊ ဖြူစင်သောစိတ်၊ ကိုယ်ကျင့်တရား၊ မမေးဘဲကို မဆိုနှင့် မိမိအပြုအမူ" စသည့် ရသစာတမ်းများ ပါဝင်သည်။ အဆိုပါစာတမ်းများမှာ စာတမ်းအားလုံး အနက် စွဲမက်ဖွယ်အကောင်းဆုံးဖြစ်သည်ဟု ကျွန်တော် မြင်သည်။

**စွဲမက်ဖွယ်အကောင်းဆုံးစာစုများ**

ဘာကြောင့်စွဲမက်ဖွယ်ဖြစ်သည်ကို အောက်တွင်ဖတ်ရှုကြည့်စေလိုပါသည်-

**စကား**

စားကောင်းသောက်ဖွယ်၊ ဟင်းကျွေးဘောဇဉ်၊ အဖျော်ယမကာ စသည်တို့၌သာပင် အချိုအချဉ်၊ အငန်အစပ်၊ အခါးအသက်၊ အဆီအဆိမ့်စသော အရသာများရှိသည်မဟုတ်။ လူတို့၏နှုတ်ခံတွင်းမှထွက်အပ်သော စကားများမှာလည်း အထူးထူးအပြားပြားအရသာများရှိပေသည်။

စကားအရာ၌လည်း အခေါ်ဝေါဟာရ အတူတူပင်ဖြစ်လျက် သုံးတတ်နှုန်းတတ် စပ်တတ်သော သူတို့ပြောဆိုစီကုံးသောအခါ နား၌ နှစ်သိမ့်ဖွယ်ရာ၊ ကောင်းစွာသော အရသာများ ပေါ်လာလျက် မသုံးတတ်မဆိုတတ်သော သူတို့၏ နှုတ်ပါးစပ်၌မူကား၊ အထစ်ထစ်အငေါ့ငေါ့ဖြင့် နာပျော်ဖွယ်ရာမရှိ ကြမ်းတမ်းသောစကားများ ဖြစ်လာရသည်။ ထို့ကြောင့် အရသာကိုလိုက်သဖြင့် အချို့သော စကားမျိုးတို့ကို "နားဝင်ချို၏" ဟူ၍လည်းကောင်း၊ အချို့သောစကားတို့ကိုမူကား "နားခါး၏" ဟူ၍လည်း ကောင်း ပြောဆိုလေ့ပြုကြကုန်ပေသည်။(စာ-၁)

**မကြောက်အပ်သော အမှားအယွင်းများ**

အမှားအယွင်းဖြစ်မည်ကို ကြောက်ရွံ့သင့်သလောက် ကြောက်ရွံ့ခြင်းရှိပါမူကား မမှားမယွင်းရအောင် သတိကို ဆောင်လျက် တတ်အားသမျှ ရှောင်ရှားနိုင်လာသောကြောင့်လူတို့၌အကောင်းဆုံးသောအထောက်အပံ့ကြီးကို ရရှိစေလေသည်။ သို့တည်းမဟုတ် တစ်ခါက တစ်ကြိမ်တွေ့ဖူးသော အမှားကိုအစွဲအလမ်းကြီးဖြစ်နေပါမူကား အမှားအယွင်းဖြစ်မည်ကိုသာလျှင် ကြောက်ရွံ့စိုးရိမ်နေသောကြောင့် မည်သည့်အရာကိုမျှမလုပ်ဝံ့၊ မည်သည့်စကားကိုမှမပြောဝံ့ဘဲ ရှိနေတတ်ကြလေသည်။ (စာ-၃)

**အရိပ်နှင့်အကောင်**

တစ်ရံရောအခါ ခွေးတစ်ကောင်သည် သားတစ်တစ်တုံးကို ကိုက်ချီလျက် သင့်လျော်ရာအရပ်သို့ သွားရောက်စားသောက်မည်ဟု လာခဲ့ရာ တံတားကလေးတစ်ခုကို ဖြတ်ကူးရလေသည်။ ထိုသို့ တံတားကိုဖြတ်ကူးနေစဉ် မိမိ၏အရိပ်ကို ရေထဲ၌မြင်ရ၍ စိတ်၌အခြားသော ခွေးတစ်ကောင်သည် အခြားသောသားတစ်ကို ကိုက်ချီလာသည်ဟူသော အမှတ်ဖြင့် ထိုသားတစ်ကိုလည်း ယူမည်ဟုကြံကာ ရေရိပ်ကိုဟပ်လိုက်ရာ ရေရိပ်မှ သားတစ်ကိုကားမရ၊ မိမိကိုက်ချီလာသော သားတစ်ကိုသာလျှင် ဆုံးရချေသည်။ ဤဒဏ္ဍာရီပုံပြင်ကလေးကား အလွန်ရှင်းလင်းလွယ်ကူလျက် ကလေးသူငယ်တို့အား ပြောပြရန် အသုံးပြုသောပုံပြင်ကလေး ဖြစ်ငြားသော်လည်း လူတို့အဖို့ရာ များစွာမှတ်သားထိုက်၍ အနဂ္ဃထိုက်တန်သော အချက်ကြီးတစ်ချက် ပါဝင်လေသည်။ လူတို့သည် မိမိတို့ လက်ရင်းခံရှိသောအရာထက် အဝေး၌ဖြစ်သောအရာကိုမျှော်မှန်းတမ်းတတတ်ကြလေသည်။ အထုပ်အထည် ခိုင်ခိုင်မာမာ သေချာမုချဖြစ်သော အရာထက် စိတ်ကူးကို သဘောကျတတ်လေသည်။

**ပညာဟူသည် မြတ်ရွှေအိုး**

ပညာဗဟုသုတသည် "ကောင်းမြတ်သောမှန်ပါပေ၏" ဟု ကမ္ဘာအစဉ်အဆက် လူအပေါင်းတို့ ဝန်ခံခဲ့ရပေသည်။ ပညာဗဟုသုတသည်မကောင်း၊ ဆည်းပူးအပ်သောအရာမဟုတ်၊ နှစ်သက်မြတ်နိုးအပ်သောအရာမမှန်ဟု ထုတ်ဖော်ငြင်းဆိုဝံ့သူဟူ၍ ယခုတိုင် မည်သူတစ်စုံတစ်ယောက်မျှ မပေါ်မထွက်သေးဖြစ်ပေသည်။ ဤသို့ဖြစ်ပါလျက် အချို့သောသူတို့သည် ငါတို့ကား တောသူတောင်သားဖြစ်၏၊ ငါတို့ကား လယ်သမားဖြစ်၏၊ ငါတို့ကား လုပ်လုပ်စားစားဖြစ်၏၊ ပညာဗဟုသုတကို ဆည်းပူးခြင်းအားဖြင့် ငါတို့အား မည်သို့သောအကျိုးသက်ရောက်နိုင်ပါအံ့နည်း။ ပညာဗဟုသုတသည် ငါတို့ အသုံးချနိုင်ဖွယ်ရာမဟုတ်။ ငါတို့အဖို့ရာအပိုသက်သက်ဖြစ်ပေ၏ဟူသော ထင်မှတ်ချက်ဖြင့် ပညာဗဟုသုတဆည်းပူးမှုအလုပ်ကို မိမိတို့ဆောင်ရွက်ရာ အလုပ်နယ်မှ အပပြု၍ ထားတတ်ကြပေသည်။ (စာ-၉)

**ရှုပါ**

ဆရာကြီးဇေယျက လုံ့လဝီရိယ၊ ဖြူစင်သောစိတ်နှင့် ကိုယ်ကျင့်တရားတို့အကြောင်းကို အောက်ပါအတိုင်း ရေးသည်။ ကျွန်တော့်အကြိုက် စာစုများကိုရှုပါ။ ပညာလည်းရ၊ ရသစာပေ၏ အနှစ်ကိုလည်း ချစ်တတ်စေပါသည်။

**လုံ့လဝီရိယ**

ဝိုင်ယာလက်၊ လေယာဉ်ပျံ၊ မီးရထား၊ မီးသင်္ဘော အစရှိသည်တို့၌ ပါဝင်သောအရာများကား ထူးခြားလှသော ဝတ္ထုအရာ မဟုတ်၊ သံ၊ သံမဏိ၊ သစ်သားစသည်တို့ပင် ဖြစ်လေသည်။ ၎င်းသံ၊ သံမဏိ၊ သစ်သားစသည်တို့ကား မိမိတို့အလိုအလျောက် တစ်ခုနှင့်တစ်ခု ပူးပေါင်း၍ အံ့သြဖွယ်ရာ လေယာဉ်ပျံစသည်တို့ ဖြစ်ပေါ်လာသည်မဟုတ်၊ လူတို့၏လုံ့လဝီရိယဖြင့်သာလျှင် တစ်ခုနှင့်တစ်ခု ကြံစည်ဆက်စပ်ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လောကကြီး၌ မည်သို့ထူးခြားအံ့သြဖွယ် ဖြစ်လျက် မည်သို့ကြီးကျယ်ခမ်းနားစေကာမူ မည်သူမျှလာရောက်ဖန်ဆင်းပေးသည်မဟုတ်၊ လူတို့၏လုံ့လဝီရိယသာလျှင် အခြေခံဖြစ်ကြောင်းကို သိအပ်ပေသည်။(စာ-၁၀၈)

**ဖြူစင်သောစိတ်**

လောက၌ ကောင်းမြတ်သောအရာတို့ကို မည်မျှတွေ့ကြုံရစေကာမူ မိမိတို့စိတ်တွင်းအရင်းခံက မရှင်းလင်းခဲ့သော် အကျိုးခံစားခွင့်မရှိ။ မိမိတို့စိတ်ရင်းက ရှင်းလင်းသန့်ပြန့်မှသာလျှင် အကျိုးခံစားရမည်ကို သတိမူလျက် မည်သည့်အခါမဆို စိတ်ကိုရှင်းလင်းအောင် ထားအပ်သည်။(စာ-၁၁၆)

**ကိုယ်ကျင့်တရား**

ကိုယ်ကျင့်တရားဟူသည်မှာ အမည်ပညတ် အားလျော်စွာ သူတစ်ပါးကိုကျင့်စေ၊ လိုက်နာစေရသော တရားမျိုးမဟုတ်။ မိမိကိုယ်တိုင်က ကျင့်ဆောင်လိုက်နာ စောင့်စည်းရသော တရားမျိုးဖြစ်ပေသည်။ လူ့လောကကြီးမှာ ဥပမာအားဖြင့် ရှုပ်ရှုပ်ထွေးထွေး၊ သေးသေးမွှားမွှား၊ အလွန်နူးညံ့ သိမ်မွေ့ခက်ခဲစွာ ကြံစည်တပ်ဆင်ထားသည့် စက်ကြီးတစ်မျိုးနှင့်တူလေသည်။ စက်တို့၏သဘောမှာ အကြီးဆုံးသောကိရိယာမှအသေးဆုံးသောဝက်အူကလေး အထိ အရေးကြီးသည့်အရာချည်း ဖြစ်ပေသည်။(စာ-၁၅၂)

**မမေးဘဲကို မဆိုနှင့်**

လူတို့၏ နှုတ်မှထွက်အပ်သောစကားသည် စကားတစ်ခွန်းချင်း တူညီပါသော်ငြားလည်း အရာ ဌာနအားလျော်စွာ အသုံးဝင်ခြင်း၊ မဝင်ခြင်း၊ အဖိုးတန်ခြင်း၊ မတန်ခြင်း များရှိလေသည်။ တစ်ခွန်း တစ်ပါဒမျှဖြစ်စေ၊ အဖိုးအနဂ္ဃထိုက်တန်သော အခါများရှိ၍ အခွန်းသိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ပြောပါငြားလည်း အသုံးမကျ၊ အနှစ်အရသာမရှိ နားငြီးရုံမျှသာ ဖြစ်သောအခါများလည်း ရှိလေသည်။ ထို့ကြောင့် လူတို့သည် စကားကိုပြောရာ၌ အဖိုးတန်စေလိုလျှင် ကာလဒေသ ခွဲခြားသတိပြုအပ်သည်။ အထူးသဖြင့် "မမေးဘဲကို မဆိုနှင့်" ဟူသော အထက်ပါ စကားရပ်ကလေးကား မှတ်သားသတိမူဖွယ်ကောင်းလေသည်။ (စာ-၁၇၁)ဟုဆရာကြီးက သတိပေးခဲ့သည်။

**မိမိအပြုအမူ**

ဆရာကြီးဇေယျ၏ ရသစာတမ်းများတွင် မိမိအပြုအမူ (၄၊ စက်တင်ဘာ၊ ၁၉၃၅ ရက်စွဲဖြင့် ရေးခဲ့သည်)အကြောင်း ရေးသားရာ၌ မိမိစိတ်၌တစ်စုံတစ်ရာထိခိုက်ဖြစ်ပေါ်လာလျှင် မိမိအပြုအမူကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုပေသည်။ အတွင်း၌မည်မျှထကြွနေသော ဒေါသဖြစ်စေကာမူ အပြင်သို့မထွက်သေးသမျှ အရှိန်မရနိုင်၊ အရှိန်မရှိသော အရာဟူသရွေ့သည် အားအင်ယုတ်လျော့၍ နောက်ဆုံးတွင် ပျောက်ကွယ်ရစမြဲဖြစ်သည်ဟု ရေးသားခဲ့သည်။(စာ-၂၈၉)

**ဆရာကြီးဇေယျ၏ စာပေနှင့်ဘဝဖြစ်စဉ်**

၁၉၀၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့ (တနင်္ဂနွေနေ့)တွင် ဆရာကြီးဇေယျကို သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၌ ဖွားမြင်သည်။ ငယ်နာမည် ယောဂူ၊ ကျောင်းအမည် မောင်ယော၊ သာယာဝတီမြို့ ကရင်အထက်တန်းကျောင်း၊ ပြည်မြို့အစိုးရအထက်တန်းကျောင်းများတွင် တက်ရောက်သည်။ ၁၀ တန်းစာမေးပွဲကို ၃ ဘာသာဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၂၀ တွင် ရန်ကုန်သို့ရောက်ရှိ၊ ဒဂုန်မဂ္ဂဇင်း လက်ထောက် အယ်ဒီတာလုပ်ကိုင်။ ဒဂုန်ဇေယျကလောင်အမည်ရယူ။ ၁၉၂၃ တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏သမီး ဒေါ်မြရီနှင့်လက်ထပ်။ ၁၉၂၅ တွင် ဇေယျသတင်းစာကိုထုတ်ဝေ။ ထို့နောက် ၁၉၂၆ တွင် လန်ဒန်မဂ္ဂဇင်း အယ်ဒီတာ။ ၁၉၂၇ တွင် ဗြိတိသျှဗားမားအယ်ဒီတာ။ ၁၉၃၀ သူကြီးဂေဇက်သတင်းစာ အယ်ဒီတာအဖြစ် ဆောင်ရွက်။ စာရေးဆရာမဂ္ဂဇင်းအတိုင်ပင်ခံ။ ၁၉၄၇ တွင် ပြန်ကြားရေးဌာနခွဲ ဒုတိယညွှန်ကြားရေးဝန်။ ၁၉၅၇ တွင် ညွှန်ကြားရေးဝန်တာဝန်မှ အငြိမ်းစားယူ။ စာရေးဆရာ အသင်းဥက္ကဋ္ဌတာဝန်ယူခဲ့။ ဝဏ္ဏကျော်ထင်ဘွဲ့ (၁၉၅၀)။ သီရိပျံချီဘွဲ့ (၁၉၅၅)ချီးမြှင့်ခြင်းခံရ။ ၁၉၈၂ခုနှစ် အောက်တိုဘာ ၂ ရက်နေ့တွင် ကွယ်လွန်ရှာသည်။

**နိဂုံး**

ဆရာကြီးဇေယျ၏ ရသစာတမ်းများကို ကျွန်တော်တို့ လေ့လာဖတ်ရှုရသည့်အတွက် မှတ်စုမှတ်ရာအဖြာဖြာကို သိရှိရရုံသာမက မြန်မာစာပေ၏ ခေတ်သမိုင်းအမြင်ကိုလည်း ဗဟုသုတအဖြာဖြာရရှိပါကြောင်း လေးစားစွာ ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

( ခ ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၂၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

( ဂ ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၃၀မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဃ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ)၊ (င) သို့မဟုတ် (စ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၈။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမဆို-

(က) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်သိန်း ၂၀ မှ အများဆုံး ကျပ် ၇၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

( ခ ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၉။ သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက်လုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို -

(က) ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

( ခ ) ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်။

၅၀။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖြစ် လုပ်ကိုင်သူမည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၅၁။ (က) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံးကျပ်နှစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

( ခ ) တိရစ္ဆာန်ကျန်းမာရေးလုပ်သားသည် ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

**အခန်း(၁၆)**

**အထွေထွေ**

၅၂။ ဦးစီးဌာနသည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

( ခ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၃။ ဦးစီးဌာနသည် ဆောင်ရွက်ရန်ရှိသည့် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များ သို့မဟုတ် ဓာတ်ခွဲခန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ခွင့်ပြုလက်မှတ်ရရှိထားသော ဓာတ်ခွဲခန်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၇ / ၁၉၉၃ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

[illegible]

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | [illegible] | [illegible] | [illegible] | | | | | | | | | | | [illegible] |
| | [illegible] | | [illegible] | | | | | | | | | | | [illegible] |
| ၂ | [illegible] | [illegible] | [illegible] | | | | | | | | | | | [illegible] |
| ၃ | [illegible] | [illegible] | [illegible] | | | | | | | | | | | [illegible] |
| ၄ | [illegible] | [illegible] | [illegible] | | | | | | | | | | | [illegible] |
| | [illegible] | | [illegible] | | | | | | | | | | | [illegible] |
| ၅ | [illegible] | [illegible] | | [illegible] | | | | | | | | | | [illegible] |
| ၆ | [illegible] | [illegible] | | [illegible] | | | | | | | | | | [illegible] |
| ၇ | [illegible] | [illegible] | | [illegible] | | | | | | | | | | [illegible] |

(ဆက်လက်ဖော်ပြပါမည်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးမောင်မောင်လတ် (ငြိမ်း) (ပုသိမ်စက်တော်ရာ)

ကြည်း-၆၀၀၃၊ OTS – 4th Batch

စက်မှု(၁) ဝန်ကြီးဌာန၊ ငြိမ်း

### အသက် (၉၉) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၉၅၆)နေ ဒေါ်ရီရီမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဒေါ်ခင်မူမူလတ်)၊ ဦးတင်ဦး (ခ) George Latt–ဒေါက်တာဒေါ်စန်းလွဲ့ဝေ၊ ဒေါက်တာမျိုးမင်း (ခ) Richard Latt(ဒုညွှန်မှူး–ငြိမ်း၊ လယ်/ဆည်ဝန်ကြီးဌာန)၊ ဒုရဲမှူးကြီးရဲလင်း (ငြိမ်း) (ခ) Peter Latt (GMဇန္နလသယ်ယူပို့ဆောင်ရေး)–ဒေါ်လှလှလင်း၊ ဦးဇော်လင်း၊ ဒေါ်ခင်လတ်သူ (ခ) Shirley Latt တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်နွဲ့နွဲ့အေး၊ [ဗိုလ်ကြီးတင်မြင့်အောင်(လေ–ငြိမ်း)–ဒေါ်သိန်းသိန်း]၊ (ဗိုလ်မှူးခင်မောင်–ငြိမ်း)–ဒေါ်ရင်ရင်လှတို့၏ အစ်ကိုကြီး၊ မြေး ရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၃–၉–၂၀၂၀ ရက် ညနေ ၄:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၅–၉–၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉–၉–၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး

## ရဲမှူးဒေါ်အုန်းကြည် (ငြိမ်း)

### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အနော်မာ(၂)လမ်း၊ အမှတ်(၁၁၈)နေ (ဦးမြမောင်–ဒေါ်ညို)တို့၏သမီး၊ (ဦးကျော်ကျော်ဝင်း)–ဒေါ်ထွေးတို့၏ညီမ၊ (ဦးခင်ဇော်သိန်း)၊ ဦးသန်းအေး(လန်းပြီပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်)၊ ဒေါ်စန်းစန်းအေး၊ ဒေါ်သန်းသန်းထွေး၊ ဦးတင်မောင်အေး၊ ဦးဝင်းသန်းတို့၏အစ်မ၊ တူ/တူမ ၁၆ ယောက်တို့၏အဒေါ်သည် ၃–၉–၂၀၂၀ (ကြာသပတေးနေ့) ည ၈:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉–၈–၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အာရုံခံတန်ဆောင်း ဒါယကာကြီး

## စောကျုံစန် (ခ) အောင်စိုးကျော်

### အသက် (၆၁) နှစ်

(ဦးကျော်–ဒေါ်ခင်ဝင်း)တို့၏သား၊ (ထိပ်တန်းရုပ်ရှင်ဦးကိုကို–ဒေါ်စန်းမြင့်)တို့၏သားသမက်၊ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့နေ ဒေါ်ခင်မေကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဝင်း–(ဒေါက်တာဝါဝါစော)၊ (ဦးရောဘတ်ချမ်း)–ဒေါ်စန်းစန်းမြင့်၊ ဦးသက်ဝင်း–ဒေါ်ကြူကြူစော၊ ဒေါက်တာမောင်မောင်အေး – ဒေါက်တာခင်မမ၊ (ဦးအောင်လွင်) – ဒေါ်သင်းသင်းစောတို့၏ မောင်လေး၊ မစန္ဒီကျော်–ဒေါက်တာသန့်ဇင်မင်း၊ မောင်ထက်မင်းထက်–မစုစန္ဒာထွန်းတို့၏ဖခင်၊ Angela Chen, Bella Chen တို့၏ဘိုးဘိုး ဦးအောင်စိုးကျော်သည် ၃–၉–၂၀၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၇:၃၀နာရီတွင် အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့၊Seton ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နိုင်ငံအရပ်ရပ်မှ ဝမ်းနည်းကြောင်း မေးမြန်းအကြောင်းကြားသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ကျေးဇူးတင်လွှာ

## ဟာဂျီ ဦးချစ်တင့် (ခ) ဇာဟစ်အလီ

ဌာနခွဲမှူး (ငြိမ်း)၊ MPPE

### အသက် (၉၃) နှစ်

၂၄–၈–၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်ခဲ့သည့် ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဟာဂျီ ဦးချစ်တင့် (ခ) ဇာဟစ်အလီ၊ နာမကျန်းဖြစ်စဉ် အထူးဂရုတစိုက် စောင့်ရှောက်ပေးခဲ့ပါသော ပါမောက္ခ ဒေါက်တာခင်မောင်ဌေး (ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီး)၊ အထူးဂရုတစိုက်ကုသပေးခဲ့ပါသော သုခကမ္ဘာဆေးခန်းမှ ဆရာဝန်ကြီးများနှင့် ဆရာမများ၊ ရန်ကုန်မြို့ အရေးပေါ်ကုသဆောင်နှင့် နှလုံးအထူးကုဌာနမှ ဆရာဝန်ကြီးများ၊ ဆရာမများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား လည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ကျေးဇူးတင်လွှာ

## ဟာဂျီ ဦးချစ်တင့် (ခ) ဇာဟစ်အလီ

ဌာနခွဲမှူး (ငြိမ်း)၊ MPPE

### အသက် (၉၃) နှစ်

၂၄–၈–၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်ခဲ့သည့် ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဟာဂျီ ဦးချစ်တင့် (ခ) ဇာဟစ်အလီ၏နာရေးကာလတစ်လျှောက် အဘက်ဘက်မှ လိုလေသေးမရှိ နှစ်သိမ့်အားပေးကူညီပံ့ပိုးပေးပါသော ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်တင်တင် (ကျောင်းအုပ်ကြီး–ငြိမ်း၊ ရေနံချောင်းဒီဂရီကောလိပ်)အားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခဌာနမှူးနှင့် တကွ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဓာတုဗေဒသင်ရိုးရေးဆွဲရေးအဖွဲ့မှ ဆရာမကြီးများနှင့် ညီမများအားလည်းကောင်း၊ မုံရွာတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ ဆရာမကြီးနှင့် လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများအားလည်းကောင်း၊ ထားဝယ်တက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူးအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရွှေတင် (ခ) ဒေါ်ရှုတင် (ကွင်းကောက်ယောဂီ)

### အသက် (၁၀၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ (၁၅၆)လမ်း၊ အမှတ်(၁၈)နေ (ဦးစိန်အုပ်–ဒေါ်ညိမ်းအေး)တို့၏သမီး၊ (ဦးသိန်းတန်)–ဒေါ်နီ၊ ဦးအေးမြင့်–ဒေါ်သိန်းစန်း၊ ဦးမောင်ချို–ဒေါ်ရှုကြည်၊ ဦးကြည်ဦး – (ဒေါ်အေးအေးသက်)–ဒေါ်အေးနန္ဒာစိုး၊ ဦးကြည်လင်–ဒေါ်မြမြ၊ (ဦးဝင်းထိန်)–ဒေါ်ဝါဝါမြင့်–ဒေါ်ဝါဝါဝင်း၊ (မအေးအေးပို)တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွား၊ ဦးကျင်စိန်၏ဇနီး ဒေါ်ရွှေတင်(ခ)ဒေါ်ရှုတင်သည် ၄–၉–၂၀၂၀ (သောကြာနေ့) နံနက် ၅:၅၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆–၉–၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမောင်အေး (အင်းရဲ)

### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၁) နေ (ဦးစစ်လှိုင်–ဒေါ်ထားရှင်)တို့၏သား၊ (ဦးအောင်မြင့်–ဒေါ်စောခ)တို့၏သားသမက်၊ ဒေါ်သိန်းရီ၏ခင်ပွန်း၊ ဒေါ်ခင်အေးရီ(ပြည်တွင်းအခွန်–ငြိမ်း)၊ ဦးသန့်ဇင်–ဒေါ်စန္ဒာလှမောင်(ခေတ္တ–ဂျပန်)၊ ဦးမြတ်လွင်၊ (ဦးမိုးကြည်လင်) – ဒေါ်ခင်ဌေးရီ(အမက–၅၊ သာကေတ)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ထက်အောင်ဖြိုး–မဟေမာမိုးကြည်(MABဘဏ်)၊ မောင်ရဲမြတ်ကျော်(MABဘဏ်)–မစန္ဒီဖြိုးဖေ(KBZဘဏ်)၊ကိုအောင်မျိုးမိုးကြည်တို့၏အဘိုး၊ သွန်းဇာထက်၊ ခန့်ဇေယျတို့၏ ဘိုးဘိုးကြီးသည် ၄–၉–၂၀၂၀ ရက် နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှသိန်း (B.Sc –Engg, Mech)

ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)၊ ရေအား၊ M.E.P.E

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ တိုက်(A–1)၊ အခန်း(၅၀၃)၊ ရွှေဂုဏ်သူအိမ်ရာနေ (ဦးဘန်စွမ်–ဒေါ်ရှင်)တို့၏သား၊ (ဦးဘကြီး–ဒေါ်ကျင်လှိုင်)တို့၏ သားသမက်၊ ဒေါ်ခင်မြင့်မြင့်၏ ခင်ပွန်း၊ ဦးဝင်းမြင့်သိန်း–ဒေါက်တာနှင်းနှင်းတင်၊ ဦးအောင်မြင့်ဦး–ဒေါက်တာခင်ခင်လှ၊ ဒေါက်တာနီနီလှ၊ ဒေါ်သီသီလှတို့၏ ဖခင်၊ မောင်အောင်ရဲသူ၏ အဘိုးသည် ၄–၉–၂၀၂၀ (သောကြာနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား ညိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်နော်ဆဲဂေးလွင်

အလယ်တန်းပြဆရာမ (ငြိမ်း)၊ အထက(၃) ကြည့်မြင်တိုင်

### အသက် (၇၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ်(၁၀၀/ခ)နေ (ဦးစောဘလွင်–ဒေါ်နော်ဟဲမေ)တို့၏သမီး၊ ဦးစောဆင်မြူရယ်လွင်–ဒေါ်နော်အင်နာဘဲသောင်းတို့၏ညီမ၊ (ဒေါ်နော်ဆဲဝါး)၏အစ်မ၊ စောဒေးဗစ်သောင်းလွင်–နော်အိုသဥ္ဇာလတ်၊ နော်ရေချယ်လွင်လွင်သောင်း၊ စောဒင်နရယ်လွင်တို့၏အဒေါ် ဒေါ်နော်ဆဲဂေးလွင်သည် ၄–၉–၂၀၂၀ ရက် နံနက် ၁၀:၀၅ နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သောရုပ်ခန္ဓာကို ၆–၉–၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်မြမြချွန် (ခ) DOREEN CHOON

အထက(၃) ဒဂုံ၊ (အလယ်တန်းပြ–ငြိမ်း)

### အသက် (၇၆) နှစ်

ကျုံမငေးမြို့နယ်၊ ဝါးခယ်မမြို့နေ (ဦးချွန်–ဒေါ်မြသန်း)တို့၏သမီး၊ အမှတ်(၁၉၅)၊ သုံးလွှာ၊ ဗိုလ်တထောင်ဈေးလမ်း၊ ပုဇွန်တောင်မြို့နယ်နေ [ဦးမျိုးမြင့်(အထက–၁၊ ဗိုလ်တထောင်၊ အထက်တန်းပြ–ငြိမ်း)]၏ဇနီး၊ ကိုသက်အောင်မျိုး–မဖြူဖြူပွင့်၊ ကိုရဲကျော်မျိုး၊ ကိုဝင်းမြင့်–မခင်သီရိမျိုးတို့၏ကျေးဇူးရှင်မိခင်၊ မြေး လေးယောက်တို့၏အဘွားသည် ၄–၉–၂၀၂၀ (သောကြာနေ့) နံနက် ၀၀:၀၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀–၉–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ခိုင်ထွန်း (ခ) ကရင်မ

### အသက် (၄၉) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အနော်မာ(၁၉) အနောက် ၂/မြောက်ရပ်ကွက်၊ အမှတ်(၃၆)၊ ပထမထပ်နေ (ဦးထွန်းကြည်–ဒေါ်ခင်ညို)တို့၏သမီး၊ ဦးတင်ဝင်း၏ဇနီး၊ (ဦးဇော်ဇော်ထွန်း)၊ ဦးကျော်ကျော်ထွန်း–ဒေါ်ဖြူဖြူဖွေး၊ (ဦးသန်းထိုက်)–ဒေါ်မော်မော်ထွန်းတို့၏ညီမ ဒေါ်ခိုင်ခိုင်ထွန်းသည် ၄–၉–၂၀၂၀ ရက် နံနက် ၆:၁၅ နာရီတွင် ဆီးနှင့်ကျောက်ကပ်ခုတင်(၅၀၀) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အာနိစ္စ

## သွေးသည် အသက်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဝိမလ (မြို့နယ်ဩဝါဒါစရိယ)

## သိက္ခာတော် (၆၆) ဝါ၊ သက်တော်(၈၆) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ မဟာညောင်ကုန်းတိုက်၊ ပြဿဒ်ကျောင်းကြီး၏ပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဝိမလ(မြို့နယ်ဩဝါဒါစရိယ)သည် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်) ၂–၉–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၄–၉–၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသင်္ဂြိုဟ်ပြီးစီးပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ ကျင်းပရေးကော်မတီ

## ဒေါ်စိန်ရှင် (ဘီးလင်း–ကျောက်ရေတွင်း)

### အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၅) ရပ်ကွက်၊ ဝဏ္ဏကျော်စွာလမ်း၊ အမှတ်(၄၃)နေ (ဦးသူတော်)၏ဇနီး၊ ဒုဗိုလ်မှူးကြီးမျိုးဆွေ(ငြိမ်း)–ဒေါ်ညွန့်ညွန့်၊ ဦးမျိုးအောင်–ဒေါ်သောင်းညွန့်၊ ဒေါ်ခင်မျိုးအေး–ဦးခင်မောင်ရွှေ (ညွှန်ကြားရေးမှူး၊ ဆည်မြောင်း–ငြိမ်း)၊ ဒေါ်ခင်မျိုးထွေး–ဦးမြင့်ဆွေ၊ ဦးမျိုးကျော်တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၁၉ ယောက်တို့၏ဘွားဘွားကြီးသည် ၄–၉–၂၀၂၀ ရက် မွန်းလွဲ ၁၂:၅၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀–၉–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွေး

### အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ်(၅၃)၊ ခြောက်လွှာ၊ ဇလွန်းလမ်းနေ (ဦးဖိုးမှတ်–ဒေါ်ငွေကြင်)တို့၏သမီး၊ ဦးထွန်းမြင့်–ဒေါ်တင်လှတို့၏ညီမ၊ ဦးကျော်စိုး(ယာဉ်မောင်း၊ အေးရှားဝေါကုမ္ပဏီ)–ဒေါ်ဝင်းဝင်းစန်း၊ ဦးဇော်မိုး–ဒေါ်ဇင်မာမျိုး၊ ဦးကျော်မိုး–ဒေါ်သီသီဝင်း၊ ဦးလှမိုး–ဒေါ်သီတာခိုင်၊ ဦးဇေယျာတင်–ဒေါ်အေးခိုင်ခိုင်စိုးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ကိုးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးစိုးချစ်)၏ဇနီး ဒေါ်ထွေးသည် ၄–၉–၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၉–၂၀၂၀ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀–၉–၂၀၂၀ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြမြရွှေ (စစ်တွေ)

မူလတန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)

### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၁၃)၊ ပထမထပ်နေ (ဦးမောင်သာမြ–ဒေါ်စန္ဒာ)တို့၏သမီးထွေး၊ (ဦးမောင်သိန်းဦး)–ဒေါ်သိန်းနု၊ (ဦးစံကျော်)၊ ဦးသန်းရွှေ–(ဒေါ်လှကြည်)၊ ဦးကျော်သိန်း–ဒေါ်ကျော့သာ၊ (ဦးစိန်သာထွန်း)–ဒေါ်ဝေသာ၊ ဦးမြသိန်း–ဒေါ်အေးမြ၊ ဦးသိန်းထွန်းအောင်၊ ဦးဦးသန်းအောင်–ဒေါ်သာနုအေးတို့၏ ညီမထွေး၊ တူ/တူမ ၁၇ ယောက်တို့၏အဒေါ်၊ မြေး ၂၀ ယောက်တို့၏အဘောင်ထွီး၊ မြစ်နှစ်ယောက်တို့၏အဖီးထွီးသည် ၃၁–၈–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၁၅ နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁–၉–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ကြည်

### အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၃–A)၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးကြည်–ဒေါ်ခင်ကြည်)တို့၏သမီး၊ မစန္ဒီမင်းနောင်(ခေတ္တ–Japan နိုင်ငံ)၊ မဖြိုးဖြိုးမင်းနောင်(KANSAI PAINT CO.,LTD)၊ မအေလာမင်းနောင်(MYCARE UNICHARM CO.,LTD)၊ မခင်ဖြိုးငုံ(YNE CO.,LTD)တို့၏ မွေးသမိခင်၊ မြေး နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်ကြည်သည် ၃–၉–၂၀၂၀ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း (ခ) ဦးတင်ဝင်း (ပုသိမ်)

လင်းသာရေခဲစက်၊ ငပလီ

### အသက် (၅၇) နှစ်

ပုသိမ်မြို့၊ ကမ်းနားလမ်းနေ (ဦးလင်ရုံစန်း–ဒေါ်ကျင်တင်)တို့၏သား၊ သံတွဲမြို့၊ ရွှေဆံတော်ဘုရားလမ်းနေ ဦးလှတင့်–ဒေါ်မြင့်ကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၃၉/၄၁)၊ စန္ဒာမြိုင်ကွန်ဒို၊ ရှစ်လွှာ(B–1)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်ဝင်းပပတင့်၏ခင်ပွန်း၊ မဝင်းဝါဝါသိန်း၊ မသီရိဝါဝါသိန်း တို့၏ဖခင် ဦးသိန်းဝင်း (ခ) ဦးတင်ဝင်း (လင်းသာရေခဲစက်၊ ငပလီ)သည် ၃–၉–၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့တို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

မင်းတပ် စက်တင်ဘာ ၄
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့တို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ် တိုးချဲ့လူနာဆောင် တည်ဆောက်နေမှုနှင့် မင်းတပ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း စာသင်ဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ချင်းပြည်နယ် (တောင်ပိုင်း) ကန်ပက်လက်မြို့သို့ ရောက်ရှိကြပြီး ကန်ပက်လက်မြို့

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကန်ပက်လက်မြို့ မြို့မိမြို့ဖများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ အကျဉ်းသား ကျောင်းသား ကျောင်းသူများအနက် ၅၅ ဦး လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်

နေပြည်တော် စက်တင်ဘာ ၅
အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေရသော ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ အကျဉ်းသား ကျောင်းသား ကျောင်းသူများအနက် ၅၅ ဦးသည် ယနေ့နံနက်ပိုင်းတွင် ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူ အကျဉ်းသား ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအား ချီးမြှင့်သောအားဖြင့်လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ စေတနာကိုနားလည်ကြပြီး ပြင်ပတွင် တက္ကသိုလ်ပညာများ ဆက်လက်သင်ကြားနိုင်ရေး ရှေးရှုသောအားဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နိုင်ငံတော်သမ္မတက ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ၅၅ ဦး ပြန်လည်လွတ်မြောက်ခဲ့ပြီး ၃၈ ဦး လျှော့ရက်များခံစားရကြောင်း၊ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းကြောင့် ပြန်လည်လွတ်မြောက်သူ ၅၅ ဦးတွင် ပြစ်ဒဏ်ကျခံရန်ကျန်ကာလ ၁ နှစ်ဝန်းကျင်ရှိသူ ၁၃ ဦး၊ ဂုဏ်ထူး နှစ်ဘာသာနှင့် အထက်ရရှိသူ ၂၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူနှင့် ရိုးရိုးအောင် ၁၃ ဦး ပါဝင်ပြီး လျှော့ရက်များရရှိခံစားရသူ ၃၈ ဦးတွင် ဂုဏ်ထူး နှစ်ဘာသာနှင့်အထက်ရရှိသူ နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူနှင့် ရိုးရိုးအောင် ၃၆ ဦး ပါဝင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် စက်တင်ဘာ ၄
COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား**

စာမျက်နှာ » ၁၀

**အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကလေးဦးရေ ၄၈၀၀၀၀ နီးပါးရှိလာ**

စာမျက်နှာ » ၁၃

## MNL ပွဲစဉ် (၁၃) ဒုတိယနေ့တွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၄
၂၀၂၀ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက စစ်ကိုင်းအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် ယခုပွဲတွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းအသင်းသည် ပွဲအစတွင် တန်ပြန်တိုက်စစ်ဖြင့် အဓိက ကစားခဲ့ပြီး ၁၃ မိနစ်တွင် မျိုးမင်းဖြိုးသွင်းယူသည့် ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ကစားသမားနှစ်ဦးအပြောင်းအလဲပြုလုပ်ပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ဂိုးများ ပြန်ရခဲ့ပြီး ၃၉ မိနစ်တွင် ငြိမ်းချမ်းအောင်၏ ဖန်တီးပေးမှုမှ တစ်ဆင့် ကောင်းထက်စိုးက ချေပဂိုးနှင့် ၄၂ မိနစ်တွင် ကြည်လင်းက ပင်နယ်တီမှတစ်ဆင့် ဒုတိယဂိုး သွင်းယူခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❍



ရန်ကုန်အသင်းအတွက် တတိယဂိုးကို ဇာနည်ထက် သွင်းယူစဉ်။

**ဝန်မြစ်ရေ သာပေါင်းမြို့၌ စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်းနိုင်**

နေပြည်တော် စက်တင်ဘာ ၄
ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ